# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၂)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၇ ရက် ၊ ၁၁-၁၂-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ဆေးဘက်ဆိုင်ရာ ပညာရပ်များဖြစ်သည့် ပြုစုကုသရေး၊ အကာအကွယ်ပေးရေး စသည့် အတတ်ပညာပိုင်းဆိုင်ရာများတွင် နိုင်ငံတကာတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်း

## ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ဆေးပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာ




**နေပြည်တော် ဒီဇင်ဘာ ၁၀**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ စာမျက်နှာ ၃ သို့ ★

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။




## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၁၁ ရက် ၊ ကြာသပတေးနေ့ ။

## ရိုးရာတိုင်းရင်းဆေးပညာ နည်းစနစ်များ ထိန်းသိမ်းစောင့်ရှောက်မှု မြှင့်တင်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ အစည်းအဝေးကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မိမိတို့နိုင်ငံ၏ ရှေးဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာကတည်းက ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးကို ယခုညီလာခံနှင့် နီးနှောဖလှယ်ပွဲများမှ ကြိုးပမ်းဆောင်ရွက်သွားရန် စီစဉ်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးအနေဖြင့် မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍများတွင် လစ်ဟာမှုမရှိအောင် အင်တိုက်အားတိုက် ဝိုင်းဝန်းပူပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာသက်ခိုင်ဝင်းက ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေး၌ တိုက်တွန်းပြောကြားခဲ့သည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက နီးနှောဖလှယ်ပွဲကြီးအောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ယခုနှစ်ညီလာခံနှင့် နီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်သွားမည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆပ်ကော်မတီများမှ တာဝန်ရှိသူများက (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဦးစီးကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ရောဂါရှာဖွေကုသနည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်စေရန်၊ ပြည်သူလူထုအနေဖြင့် ပတ်ဝန်းကျင်ရှိ အပင်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ၏ ဆေးဖက်ဝင်ပုံကို သိရှိနိုင်စေရန်၊ တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ ရိုးရာတိုင်းရင်းဆေးပညာနည်းစနစ်များ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

အမိန့်အမှတ်၊ ၅၁ / ၂၀၂၅

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဦးကျော်နိုင်ဝင်းအား စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၈၈လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၁၁ ရက်တွင် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၊ ဧရာဝတီကမ်းနားလမ်းတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉ လမ်းထောင့်နှင့် နန်းရှေ့ဘောလုံးကွင်းထောင့်နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တတိယအကြိမ် အဆိုပြိုင်ပွဲ ပထမအဆင့် ယှဉ်ပြိုင်

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ကြီးမှူး ကျင်းပသော တတိယအကြိမ် အဆိုပြိုင်ပွဲ ပမာဏအသံစစ်ဆေးမှုပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းမှ ညနေပိုင်းအထိ မြို့တော်ခန်းမတွင် ကျင်းပသည်။




အဆိုပါ အဆိုပြိုင်ပွဲကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဌာန ၁၄ ခုမှ ပြိုင်ပွဲဝင် ၇၆ ဦး ပါဝင် ယှဉ်ပြိုင်ကြပြီး ဆန်ခါတင် အဆင့်အဖြစ် ပြိုင်ပွဲဝင် ၄၀ ဦးအား ရွေးချယ်ပေးပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ဒုတိယအဆင့်ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင် ရွေးချယ်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဒေါ်နွယ်နွယ်ထွန်း၊ ဒုတိယဌာနမှူး ဒေါ်တင်တင်အောင်တို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိပြီး ဒိုင်လူကြီးများအဖြစ် ဒေါ်နှင်းနှင်းဖြူ(အနုပညာရှင်-၁)၊ ဦးမင်းသူ(မြို့မဂီတမှူး)၊ ဦးအောင်ကျော်ဆန်း(ယဉ်ကျေးမှု)တို့က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၆)**

## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

★ ရှေ့ဖုံးမှ

တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည့်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၆)မှ အောင်စစ်သည်ဆု ရရှိသူ ဗိုလ်လောင်း အောင်ကျော်မိုး၊ လေ့ကျင့်ရေးထူးချွန်ဆု ရရှိသူ ဗိုလ်လောင်း စွမ်းရည်ထည်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မင်းဖုန်းသန့်အောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို "တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများ မွေးထုတ်ပေးရန်" ဟူသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်သားဆေးမှူး အရာရှိများကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးခဲ့သည်မှာ ယခုအခါ သင်တန်းအမှတ်စဉ်(၂၆) အထိ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် ဆေးမှူးအရာရှိများအနေဖြင့် မိမိတို့ တာဝန်ကျရာ တပ်အသီးသီးတွင် ရှိသည့် တပ်မတော်သားများ၊ တပ်မတော်သား မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသာမက ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုပါ ထိထိရောက်ရောက် လုပ်ဆောင်ပေးလျက်ရှိနေကြောင်း။

မိမိတို့တပ်မတော်ကို တိုက်စွမ်းရည်၊ တိုက်စွမ်းအား ရှိသည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ် တပ်မတော်တစ်ရပ်အဖြစ် ရည်မှန်းချက်ထားပြီး ဖွဲ့စည်းတည်ဆောက်လျက်ရှိရာတွင် တပ်မတော်သားတိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် စိတ်ရောကိုယ်ပါ ကြံ့ခိုင်ရန် အလွန်အရေးကြီးကြောင်း၊ **"ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်"** (Make Fit to Fight) ဟူသည့် ဆောင်ပုဒ်နှင့်အညီ တပ်မတော်သားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိမှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အချိန်မရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နိုင်ကြမည်ဖြစ်သဖြင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ တတ်ကျွမ်းသည့် ဆေးပညာဖြင့် တပ်မတော်သားများအပေါ် ဆေးအကာအကွယ်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသပေးမှုများကို အထူးအလေးထားဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်း၊ မိမိတို့သင်ယူတတ်မြောက်ခဲ့သည့် ဆေးပညာရပ်များကိုကျွမ်းကျင်ထက်မြက်နေအောင် အစဉ်လေ့လာဆည်းပူးနေပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရည်မှန်းချက် တာဝန်ကို အောင်မြင်အောင် အကောင်အထည်ဖော် သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် တာဝန်ထမ်းဆောင်မည့် တပ်ဖွဲ့အသီးသီးကို ရောက်ရှိချိန်၌ တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း မေတ္တာစေတနာအရင်းခံပြီး ပါဝင်ကူညီခြင်းအားဖြင့် တပ်မတော်၏ စိတ်ရင်းစေတနာအမှန်ကို ပြသပေးကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်ဖြစ်သည်နှင့် အညီ ဆေးသိပ္ပံပညာရပ် နယ်ပယ်သည်လည်း အရှိန်အဟုန်ဖြင့် တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိသည်ကို တွေ့ရှိရမည်ပင်ဖြစ်ကြောင်း၊ ရောဂါရှာဖွေသည့် ပစ္စည်းကိရိယာများ၊ ကုသသည့် ကိရိယာများ၊ ဆေးဝါးနှင့် ကုထုံးအသစ်များ ဆန်းသစ်ပြောင်းလဲလာသကဲ့သို့ ထူးခြားဆန်းပြားသည့်ရောဂါဘယများသည်လည်း ဆေးပညာလောကကို မပြတ်စိန်ခေါ်လျက်ရှိနေကြောင်း။

သင်တန်းဆင်း အရာရှိများအနေဖြင့်လည်း တပ်မတော်သား ဆေးသိပ္ပံပညာရှင်များ ဖြစ်သည်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် ခေတ်မီပြုစုကုသမှုများနှင့် ဆေးပညာရပ်များကို မျက်ခြည်ပြတ်မခံဘဲ စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး တစ်ဦးချင်း၏ အရည်အသွေး တိုးတက်မြင့်မားလာအောင် မြှင့်တင်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရာတွင် **"စေတနာ၊ အကြင်နာ၊ ဘေးကင်းကျွာ"**ဟူသည့် ဆောင်ပုဒ်နှင့်အညီ စေတနာတရား၊ အကြင်နာတရား အပြည့်ဖြင့် ပြုစုစောင့်ရှောက်သွားကြရန်လိုကြောင်း၊ ထိုသို့ စောင့်ရှောက်သည့်နေရာ တွင် **"ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်"** ဟူသည့်အတိုင်း ကိုယ်စိတ်ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိ မြင့်မားလာအောင် အသိပညာဖြန့်ဝေပေးခြင်း၊ ကြိုတင်ကာကွယ်မှုနှင့် ကုသမှုဆိုင်ရာ ပညာပေးခြင်း လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

တပ်မတော်ဆေးတက္ကသိုလ်သည် ကမ္ဘာ့ဆေးပညာသင်ကြားရေးအဖွဲ့အစည်း (World Federation for Medical Education- WFME)၏ အသိအမှတ်ပြုစာရင်းဝင်ဖြစ်သကဲ့သို့ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းများနှင့်အညီ ဆေးပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတကာ ဆေးတက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ပြည်တွင်း၌ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ ပြည်ပနိုင်ငံများတွင်လည်း ခေတ်မီဆေးသိပ္ပံပညာရပ်များ သင်ကြားလေ့ကျင့်နိုင်ရေးအတွက် ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိကြောင်း၊ ပြည်တွင်း၌လည်း ဆေးသိပ္ပံညီလာခံများ၊ ဆေးပညာနှီးနှောဖလှယ်ပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးပြီး နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များဖြင့် စစ်ဘက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဆေးပညာဘာသာရပ်နှင့် ပတ်သက်ပြီး သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်စေလျက် ရှိနေကြောင်း။

ထို့ကြောင့် ဆေးဘက်ဆိုင်ရာပညာရပ်များဖြစ်သည့် ပြုစုကုသရေး၊ အကာအကွယ်ပေးရေးစသည့် အတတ်ပညာပိုင်းဆိုင်ရာများတွင် နိုင်ငံတကာ တပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များဖြင့်သာ ရောင့်ရဲတင်းတိမ်မနေဘဲ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ဆေးပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် ထူးချွန်ထက်မြက်သည့် **"သမားဇာနည် အောင်စစ်သည်"** များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စာမျက်နှာ ၄ သို့ ★

★ ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဆေးသိပ္ပံပညာရပ်နယ်ပယ်သည်လည်း အရှိန်အဟုန်ဖြင့် တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိသည်ကို တွေ့ရှိရမည်ပင်ဖြစ်

★ ရောဂါရှာဖွေသည့် ပစ္စည်းကိရိယာများ၊ ကုသသည့် ကိရိယာများ၊ ဆေးဝါးနှင့် ကုထုံးအသစ်များ ဆန်းသစ်ပြောင်းလဲလာသကဲ့သို့ ထူးခြားဆန်းပြားသည့် ရောဂါဘယများသည်လည်း ဆေးပညာလောကကို မပြတ်စိန်ခေါ်လျက်ရှိနေ

★ သင်တန်းဆင်း အရာရှိများအနေဖြင့်လည်း တပ်မတော်သား ဆေးသိပ္ပံပညာရှင်များဖြစ်သည်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် ခေတ်မီပြုစုကုသမှုများနှင့် ဆေးပညာရပ်များကို မျက်ခြည်ပြတ်မခံဘဲ စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး တစ်ဦးချင်း၏ အရည်အသွေး တိုးတက်မြင့်မားလာအောင် မြှင့်တင်နေကြရမည်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း အောင်ကျော်မိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း စွမ်းရည်ထည်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မင်းဖုန်းသန့်အောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

★ စာမျက်နှာ ၃ မှ

လူသားများ အသက်ရှင်နေထိုင်လှုပ်ရှားသွားလာရန် အတွက် လိုအပ်သည့်စွမ်းအင် (Energy) များကို အစားအသောက်များမှရရှိခြင်းဖြစ်သဖြင့် စားနပ်ရိက္ခာလုံခြုံရေး(Food Security)သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သက်ရှိလူသားအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးလိုအပ်ချက်တစ်ခုပင် ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတွင် စားနပ်ရိက္ခာ လုံခြုံရေးကို ပြီးပြည့်စုံစွာ အကောင်အထည်ဖော်ရာ၌ လုံလောက်သည့် စားနပ်ရိက္ခာပမာဏရရှိနိုင်မှု၊ ဈေးနှုန်းသင့်တင့်သော စားနပ်ရိက္ခာရရှိနိုင်မှုနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် စားနပ်ရိက္ခာရရှိနိုင်မှုတို့ ပြည့်စုံနေရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြရမည့် မိမိတို့ တပ်မတော်သားများ အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပင်ပန်းဆင်းရဲမှုဒဏ်ကို ခံနိုင်ရေးအတွက် အာဟာရပြည့်ဝသည့် အစားအစာများ လုံလောက်စွာ စားသောက် နေနိုင်ရေးသည် အရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားတိုင်း ကျန်းမာရေးနှင့် ညီညွတ်သည့် အစာအာဟာရများ ပြည့်ပြည့်ဝဝ စားသုံးနိုင်ရေး အတွက် မိမိတတ်ကျွမ်းထားသည့် ဆေးပညာရှုထောင့်မှ အမြဲမပြတ် ထိန်းသိမ်း စောင့်ရှောက်ပြီး အကြံဉာဏ်များ ပေးသွားရမည် ဖြစ်သကဲ့သို့ ပြည်သူလူထုကိုလည်း ကျန်းမာရေးအသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။



တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက် (၄)ရပ်အနက် တတိယအချက်ဖြစ်သည့် **"နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး အတွက် အမျိုးသား ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ရေး"** ဟူသည့် အချက်ကို အကောင်အထည်ဖော်ရန်အတွက် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းပြီး ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍကို အလေးထားမြှင့်တင် ဆောင်ရွက်လျက်ရှိနေကြောင်း၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ အနေဖြင့် တပ်မတော်ဆေးရုံ၊ တပ်ရင်း/တပ်ဖွဲ့များတွင် တပ်မတော်သားများနှင့် တပ်မတော်သား မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စစ်မြေပြင်လက်တွေ့ ဆေးအကာအကွယ်ပေးရေး လုပ်ငန်းများ သာမက ခေတ်အဆက်ဆက်တွင် တိုင်းရင်းသား ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းဆောင်ရွက်ပေးခဲ့ကြကြောင်း။

၂၀၁၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့များသည် နယ်လှည့်ဆေးကုသမှုလုပ်ငန်းများကို အင်တိုက်အားတိုက် တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တောင်ပေါ်ဒေသနှင့် နယ်စပ် ကျေးလက်ဒေသများပါမကျန် ကိုယ်တိုင်ကိုယ်ကျ သွားရောက် စောင့်ရှောက်ကုသပေးခဲ့ကြကြောင်း၊ ရေလမ်းကြောင်း တစ်ခုတည်းကိုသာ အားကိုးအားထားပြုပြီး သွားလာနေကြရသည့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသတို့တွင်ရှိသည့် ပြည်သူလူထု၏ ကျန်းမာရေးကိုလည်း မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) တို့ဖြင့် သွားရောက်စောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း။

တပ်မတော်သားဆရာဝန်များ ဖြစ်သည့်အတွက် စစ်သည်တော်ကောင်းစိတ်ဓာတ်နှင့် ဆရာဝန်ကောင်းစိတ်ဓာတ်တို့ နှစ်မျိုးစလုံး ပြည့်စုံနေရန်လိုကြောင်း၊ စစ်သည်တော်ကောင်းစိတ်ဓာတ် ပြည့်ဝစေရေး စစ်သည်တော်ကျင့်ဝတ် အပါး (၆၀)ကို တိကျစွာလိုက်နာတတ်စေရန် လေ့ကျင့်ပေးခဲ့သကဲ့သို့ ဆရာဝန်ကောင်းစိတ်ဓာတ်ရှိစေရေး ဆေးပညာရပ်များအပြင် ဆေးပညာကျင့်ဝတ်နှင့် ညီသည့် သမားကောင်းစိတ်ဓာတ်၊ ခံယူချက်များ ကောင်းမွန်ရေးကိုလည်း လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း။

တပ်မတော်က မွေးထုတ်ပေးလိုက်သည့် တပ်မတော်သား ဆေးပညာရှင်သမားကောင်းများပီသစွာ လူမျိုး၊ ဘာသာ အဆင့်အတန်းမရွေး ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး ဆေးပညာကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းသွားရမည်ပင် ဖြစ်ကြောင်း၊ နေ့စဉ်ရွတ်ဆိုနေသည့် ဆရာဝန်များ၏အဓိဋ္ဌာန်ပြုကတိသစ္စာတွင်ပါသည့် **"သမားကောင်းတစ်ဦး၏ ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့် ဂုဏ်သိက္ခာအစဉ်အလာကို ထိန်းသိမ်းရေး၊ ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂီလာန ပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာ ရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာ မရွေး စွမ်းစွမ်းတမံ စောင့်ရှောက်ကုသရေး"** စသည့်အချက်များကို မိမိတို့၏စိတ်သန္တာန်တွင် စွဲမြဲစွာ မှတ်သားပြီး ကျင့်ဝတ်နှင့်ညီသည့် သမားကောင်းတစ်ဦး ဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန် လိုကြောင်း၊ တစ်ဖက်တွင်လည်း တပ်မတော်သားများဖြစ်သည်နှင့် အညီ တပ်မတော်က ပြဋ္ဌာန်းထားသည့် စစ်သည်တော်ကျင့်ဝတ် အပါး(၆၀)ကို ကိုယ်တိုင်စောင့်ထိန်းလိုက်နာရန် လိုအပ်သကဲ့သို့ မိမိကွပ်ကဲရသည့် တပ်ဖွဲ့ဝင်များကိုလည်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရန် ထိန်းကျောင်းပေးကြရမည် ဖြစ်ကြောင်း၊ တပ်မတော်သား ဆရာဝန်များ ဖြစ်သည်နှင့်အညီ ခြေလျင်တိုက်ခိုက်ရေး စစ်သည်များနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ဆင်ရေးနှင့် လုံခြုံရေး တာဝန်များကိုလည်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ စစ်မြေပြင်တွင် စစ်စည်းကမ်းကောင်းမွန်ပြီး စိတ်ဓာတ်ခံယူချက်မြင့်မားမှသာ အောင်မြင်မှုများရယူနိုင်မည်ဖြစ်ကြောင်း အထူးသဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိပြီး အထက်က ပေးအပ်လာသည့် အမိန့်နှင့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရန် အရေးကြီးသကဲ့သို့ မိမိကွပ်ကဲရသည့်လက်အောက်ငယ်သားများကိုလည်း အမိန့်နာခံမှုကောင်းအောင် ကွပ်ကဲလေ့ကျင့်ပေးရန် လိုအပ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း စိတ်ဓာတ်

စာမျက်နှာ ၅ သို့ ❖

❖ စာမျက်နှာ ၄ မှ

ခံယူချက် မြင့်မားစွာဖြင့် လက်အောက် ငယ်သားများကို စံနမူနာပြနေထိုင်ပြီး သမားကောင်းတစ်ဦး၏ကျင့်ဝတ်များနှင့် စစ်သည်တော်ကောင်း တစ်ဦး၏ ကျင့်ဝတ်များကိုပါ လိုက်နာစောင့်ထိန်းသွားကြရန် မှာကြားလိုကြောင်း။

တပ်မတော် ဆေးမှူးအရာရှိများဖြစ်ရန် တပ်မတော်ဆေးတက္ကသိုလ်ကို မိမိတို့၏ သဘောဆန္ဒအလျောက်ကိုယ်တိုင်ဆန္ဒပြု လျှောက်ထားခဲ့ကြသကဲ့သို့ ယှဉ်ပြိုင်ရွေးချယ်ခံပြီး တက်ရောက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိခဲ့ချိန်မှစပြီး နိုင်ငံတော်နှင့် တပ်မတော်က ငွေကုန်ကြေးကျများစွာဖြင့် နိုင်ငံတကာအဆင့်မီ ဆေးပညာရပ်များကို အချိန်ယူသင်ကြားလေ့ကျင့် မွေးထုတ်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်၏ အဖိုးတန်လူသားအရင်းအမြစ်များဖြစ်သည့် ကျောင်းဆင်းအရာရှိများအနေဖြင့် တာဒင်ဆုံးဖြတ်ချက်အမှားကြောင့် မိမိတို့၏ ရည်မှန်းချက်၊ နိုင်ငံတော်၊ တပ်မတော်နှင့် မိဘဆွေမျိုးများ၏ မျှော်မှန်းချက်များကို မပျောက်ပျက်စေဘဲ စိတ်ဓာတ်၊ ခံယူချက်၊ ကိုယ်ကျင့်တရား၊ စည်းကမ်း၊ ဆေးပညာကျင့်ဝတ်များနှင့်အညီ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ ရဲဘော်ရဲဘက်စိတ်ပြည့်ဝသည့် "သမားဇာနည်အောင်စစ်သည်" TO BE A GOOD SOLDIER AND AN EFFICIENT DOCTOR တစ်ယောက်ဖြစ်အောင် မိမိကိုယ်မိမိ တည်ဆောက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် အခြားနိုင်ငံများ၏ပုံစံကို ပုံတူကူးပြီး ကျင့်သုံးခြင်းမျိုး မဟုတ်ဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ရန် အရေးကြီးကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၎င်း၏အနှစ်သာရဖြစ်သည့် အများဆန္ဒအတိုင်း ဆောင်ရွက်ခွင့်ရှိသော်လည်း လူနည်းစု၏ဆန္ဒကိုလည်း အလေးထားရန် လိုအပ်ကြောင်း၊ ဖက်ဒရယ်စနစ်ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်များကို မျှဝေခံစားခြင်းဖြစ်ပြီး ၎င်း၏အနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုတို့ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးဖြစ်ပေါ်လာစေရေးအတွက် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရေးသည် အလွန်အရေးကြီးကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရန်အတွက် ရွေးကောက်ပွဲ လုပ်ငန်းစဉ်သည် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်ခြင်းကြောင့် ပြည်သူလူထုအများစု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပေးသွားတော့မည်ဖြစ်ကြောင်း။

ယခုပြုလုပ်ပေးမည့်ရွေးကောက်ပွဲသည် ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများနှင့် မတူသည့် အချက် ၃ ချက်ရှိကြောင်း၊ ပထမအချက်မှာ ရွေးကောက်ပွဲစနစ်ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် အနိုင်ရသူအကုန်ယူ (First Past The Post-FPTP) စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ရောနှောထားသည့် ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional-MMP) ကို အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒုတိယတစ်ချက်မှာ မဲပေးတဲ့စနစ်ဖြစ်ပြီး ကြိုတင်မဲများကလွဲပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံများ၌ မဲပေးရာတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine-MEVM)များနှင့် ခလုတ်နှိပ်ပေးရမည် ဖြစ်ကြောင်း၊ တတိယအချက်မှာ ရွေးကောက်ပွဲကျင်းပသည့် ပုံစံဖြစ်ပြီး ရွေးကောက်ပွဲကို လုံခြုံရေးနှင့်စီမံခန့်ခွဲမှုအပေါ် မူတည်ပြီး အပိုင်းလိုက် ကျင်းပပေးသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ ဒေသအသီးသီးကို ရောက်ရှိချိန်တွင်လည်း လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်များနှင့် ပြည်သူတစ်ရပ်လုံးပါဝင်ပြီး မဲပေးခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

တပ်မတော်(ကြည်း၊ ရေ၊ လေ) အတွက် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများ ဖြစ်အောင် အစဉ် လေ့ကျင့်ကြိုးပမ်းဆောင်ရွက်သွားကြရန် မိမိတတ်ကျွမ်းသည့် ဆေးပညာနှင့် တပ်မတော်သားများအပေါ် ဆေးအကာအကွယ်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသပေးမှုများကို အစဉ်အလေးထား ဆောင်ရွက်သွားကြရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာနေသည့် ဆေးပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အရည်အသွေး ထူးချွန်ထက်မြက်တောက်ပြောင်သည့် "သမားဇာနည် အောင်စစ်သည်များ" ဖြစ်အောင် လေ့ကျင့်ဆောင်ရွက်သွားကြရန်၊ ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် ဆေးသိပ္ပံပညာရှင် ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားရင်း ကောင်းမြတ်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော် ဆေးတက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆု ရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိကြသည့်အတွက် မိဘများနှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သင်တန်းကာလရှည် တစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုအကျိုးရလဒ်ကို ခံစားရခြင်းပင် ဖြစ်ကြောင်း၊ အခြေခံပညာ အထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့် ကြိုးစားအားထုတ်မှု အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကြိုးစားခဲ့သောကြောင့် ထူးချွန်စွာ အောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ ရည်မှန်းချက်များ၊ မိဘများ၏ မျှော်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်မှ ထူးချွန်စွာဖြင့် သင်တန်းဆင်းခဲ့ကြသည့် နောင်တော် တပ်မတော်အရာရှိများသည်လည်း စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုများဖြင့် နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြကြောင်း။

ကမ္ဘာကြီးသည် စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည် ဖြစ်သည့်အတွက် ခေတ်နှင့် အမီလိုက်နိုင်ရေး စာပေဖတ်ရှုလေ့လာခြင်း၊ လက်တွေ့အသုံးချခြင်း၊ မျှဝေခြင်းများကို အမြဲမပြတ်ဆောင်ရွက်သွားရန်လည်း လိုကြောင်း။

ငယ်စဉ် ကလေးဘဝမှ တက္ကသိုလ် ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက် သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘ၊ ဆရာတို့၏ဂုဏ်ကျေးဇူးကိုသိတတ်နားလည် ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ တန်ဖိုးရှိသည့်အသိပညာများနှင့် အတတ်ပညာများကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးလိုက်သည့် တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း အရာရှိကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကို တန်ဖိုးထား၍ စောင့်ထိန်းနေထိုင်ကာ ဆက်လက်တိုးတက်အောင် နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့် တာဝန်များကိုကျေပွန်အောင် ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည် ဖြစ်ကြောင်း၊ တာဝန်များကို ထမ်းဆောင်ချိန်တွင်လည်း လက်အောက်မှ လက်ခံအားကိုး ယုံကြည်ရသည့် ခေါင်းဆောင်ကောင်းများဖြစ်စေရေး၊ ကြီးမားသည့်တာဝန်များကို လက်ဆင့်ကမ်းတာဝန် ပေးအပ်နိုင်ရေး မိမိဘဝကိုမိမိ ဆက်လက်ကြိုးစားတည်ဆောက်သွားကြရန် လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

**❖ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာနေသည့် ဆေးပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အရည်အသွေး ထူးချွန်ထက်မြက်တောက်ပြောင်သည့် "သမားဇာနည် အောင်စစ်သည်များ" ဖြစ်အောင် လေ့ကျင့်ဆောင်ရွက်**

**❖ ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထား ပြုရသည့် ဆေးသိပ္ပံပညာရှင် ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားရင်း ကောင်းမြတ်သည့်ဆေးဝန်ထမ်း တပ်ဖွဲ့၏အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်း**

## တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာစဉ်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံ တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင် အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ် ဂုဏ်ပြု စစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော်ဆေးတက္ကသိုလ်၏ (၂၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

တပ်မတော်ဆေးတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးညွန့်၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။




အစီအစဉ်အရ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများအား ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ပါမောက္ခချုပ်က ဆေးပညာဘွဲ့နှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့ရသူများအား ဘွဲ့များနှင့် လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများရရှိသည့် ပညာရည်ထူးချွန်ဆုအဆင့်များ ဂုဏ်ထူးများသည် တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့်သာ စစ်ဆေးခြင်းမဟုတ်ဘဲ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ် (တောင်ကြီး) စသည့် တစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာစစ်ပုဂ္ဂိုလ်များ၏ စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများကိုလည်း အခြားသော ဆေးတက္ကသိုလ်များနှင့် ညှိနှိုင်းရေးဆွဲထားရှိပြီး ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့် ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြေနိမ့်ဒေသစိုက် ရိုဘတ်စတာကော်ဖီ စိုက်ပျိုးမည်

**မိုင်းယောင်း ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြေနိမ့်ဒေသစိုက် ရိုဘတ်စတာ (Robusta) ကော်ဖီပင်များကို စိုက်ပျိုးမည် ဖြစ်သည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့်အတူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြေနိမ့်ဒေသစိုက် ရိုဘတ်စတာ(Robusta)ကော်ဖီပင်များစိုက်ပျိုးရန် စိုက်ပျိုးမည့် အပင်အရေအတွက်၊ စိုက်ပျိုးပြီးအခြေအနေနှင့် စိုက်ပျိုးရန် လျာထားဆောင်ရွက်ဆဲအခြေအနေများနှင့်စပ်လျဉ်း၍ ကော်ဖီပျိုးပင်များ ပျိုးထောင်ထားမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဗလမင်းထင်ခန်းမတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဦးဆောင်ပြုလုပ်သည့် ရွေးကောက်ပွဲနှင့် ပြည်သူ့စစ်မှုထမ်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Zoom Meeting ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)(၅၀၅)



# အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ် ၅၂ / ၂၀၂၅

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် )

**အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်မှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် **"အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၁ ) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၂ ) |
| (ဃ) | ဥက္ကဋ္ဌ / ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်<br>အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ) | တိုင်းမှူး<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (တ) | ဒုတိယရဲချုပ် ( ၂ )<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

၂။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ အမြစ်ပြတ်တိုက်ဖျက်ရေးအတွက် မူဝါဒများချမှတ်ခြင်း၊

(ခ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးအတွက် လိုအပ်သည့် ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဂ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း(SOP)များ ရေးဆွဲချမှတ်ခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစား လုပ်ငန်းများ၌ တရားမဝင်ရောက်ရှိလုပ်ကိုင်နေသော နိုင်ငံခြားသားများနှင့်စပ်လျဉ်း၍ ပြန်လည်လွှဲပြောင်းပေးရန် သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်


## တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၆) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် စိုးညွန့်နှင့် ကျောင်းဆင်း ဗိုလ်လောင်းများ တက်ရောက်ကြသည်။

**ခန့်အပ်လွှာများပေးအပ်**

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင်နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျောင်းဆင်း ဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်သည်။



ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် ကြောင်း သိရသည်။

သတင်းစဉ်



## အောင်နိုင်တိုး မိုးစပါးစံကွက်ရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**အမရပူရ ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် တောင်ကိုင်းကျေးရွာ ဒို့ခေတ်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏အသင်းသား တောင်သူ ဦးသန်းဌွေ၏ ကွင်းအမှတ် ၅၇၄ (D) မြအင်းကွင်းတွင် အောင်နိုင်တိုး မိုးစပါးစံပြကွက် ၁၀ ဧကကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုအား ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက အမရပူရမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ အသင်းစု အမှုဆောင်များက ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ရာ တစ်ဧကလျှင် စပါးအစိုတင်း ၁၂၀ ထွက်ရှိသည်။

သမဝါယမကဏ္ဍမှ စိမ်ကိန်း သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များအထိ အသင်းမှလိုအပ်သော ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ပိုမိုရရှိရေးတို့ကို ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ပြီး ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)(၀၈၄)

# (၇၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခမ်းအနား ကျင်းပ

## မိမိတို့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို မြှင့်တင်ကာကွယ်နိုင်ရန် ဥပဒေသတ်မှတ်ချက်များအတိုင်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၁၀

(၇၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြည်ပသံရုံးများမှတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုထုတ်ပြန်ခဲ့သည့် (၇၇)နှစ်ပြည့်မြောက်သောနေ့ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့လည်းဖြစ်ကြောင်း၊ ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပပြုလုပ်လေ့ရှိခြင်းကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း လူ့အခွင့်အရေးကို အလေးထားသည့်အနေဖြင့် ယခုအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် အပိုဒ်ပေါင်း ၃၀ ပါရှိပြီး လူ့အခွင့်အရေးအားလုံး၏ အခြေခံများ၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများအကြောင်း ဖော်ပြပါရှိကြောင်း၊ ယင်းကြေညာစာတမ်းသည် လူသားအားလုံးတွင် မွေးရာပါအခွင့်အရေးများ ပိုင်ဆိုင်ကြောင်း ပထမဆုံး အသိအမှတ်ပြုခဲ့သည့် သမိုင်းဝင်စာတမ်းဖြစ်ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ UDHR ကို အတည်ပြုရန် မဲခွဲသည့်အခါ မြန်မာနိုင်ငံသည် ကြေညာစာတမ်းကို ထောက်ခံမဲပေးခဲ့သည့် နိုင်ငံ ၄၈ နိုင်ငံတွင် အပါအဝင်ဖြစ်ခဲ့ကြောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံက ယင်းကြေညာစာတမ်း အတည်ပြုခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ပေါ်ပေါက်လာပြီးသည့်နောက် နိုင်ငံတကာက ကြေညာစာတမ်းပါအခွင့်အရေးများကို အခြေခံပြီး ဥပဒေအရ စည်းနှောင်မှုနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ပတ်သက်ဆက်နွှယ်သည့် သဘောတူစာချုပ်များ အသီးသီးပေါ်ပေါက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များတွင် စာချုပ်ဝင်နိုင်ငံအဖြစ်ခေတ်အဆက်ဆက်၏နိုင်ငံတော်အစိုးရများက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်စသည့် စာချုပ်များကို ပါဝင်ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါစာချုပ်များနှင့်ဆက်စပ်သည့် နောက်ဆက်တွဲ သဘောတူစာချုပ်တချို့ကိုလည်း ပါဝင်ချုပ်ဆိုထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာစာချုပ်များတွင်ပါသည့်တာဝန်ဝတ္တရားများကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းဥပဒေများ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသကဲ့သို့ အမျိုးသားအဆင့်ကော်မတီများ ဖွဲ့စည်းထားရှိပြီး နိုင်ငံအဆင့်အစီရင်ခံစာများကို စာချုပ်ကော်မတီများထံ ပုံမှန်တင်သွင်းလျက်ရှိကြောင်း။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခြေခံအခွင့်အရေးများ ရရှိခံစားနိုင်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အခန်း(၈)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် မူလအခွင့်အရေးနှင့် လူ့အခွင့်အရေးများ ရယူနိုင်သကဲ့သို့ လိုက်နာရန် ပြဋ္ဌာန်းထားသည့် တာဝန်များကိုလည်း လိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံသားများ၏ မူလအခြေခံအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့ကြောင်း။

ထိုသို့ ဖွဲ့စည်းပေးခဲ့ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီး ကော်မရှင်ဥပဒေပါ လုပ်ငန်းတာဝန်များထဲတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်သည့် တိုင်ကြားချက်များအပေါ် စုံစမ်းစစ်ဆေးခြင်း၊ လူ့အခွင့်အရေး အသိပညာပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ ပေးခြင်းတို့ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် ကော်မရှင်သက်တမ်းသည် ယခုဆိုလျှင် ၁၄ နှစ်ကျော်ခဲ့ပြီဖြစ်ပြီး နိုင်ငံသားများ၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ ခရီးရောက်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံအတွင်း နေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်ပေးရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပေးထားခြင်းသည် နိုင်ငံတော်က လူ့အခွင့်အရေးကို အလေးထားကြောင်းပြသသည့် သက်သေသာဓကတစ်ခုလည်း ဖြစ်ကြောင်း။

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း၌ လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် အဆိုပါ လူ့အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းရေးကို များစွာအထောက်အကူပြုမည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုရှိမှသာ တရားဥပဒေစိုးမိုးရေးအားကောင်းမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံသားများအားလုံး အေးချမ်းပျော်ရွှင်စွာ နေထိုင်လုပ်ကိုင်နိုင်ကြပြီး လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူနိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှု လျှော့ချနိုင်ရေးတို့အတွက် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူလူထု၏ စစ်မှန်သည့် လိုလားချက်ဖြစ်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေးအတွက် စည်းစနစ်ကျနမှုရှိပြီး၊ လွတ်လပ်ပြီး တရားမျှတမှု အပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်ဖြစ်ပြီး အလွန်အရေးကြီးသည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံးကလည်း သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် အခိုင်အမာရောက်ရှိစေရေးတို့အတွက် အားလုံးက ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်တစ်ခုတည်ဆောက်ရာတွင် ပြည်သူလူထုသည် အကြီးမားဆုံးအင်အားဖြစ်သည်နှင့်အညီ တည်ငြိမ်အေးချမ်းသည့် လူ့အဖွဲ့အစည်းဖြစ်စေရေးနှင့် တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရေး ပြည်သူလူထုက တက်ကြွစွာပါဝင်ရန်၊ အချင်းချင်း လေးစားမှုရှိရန်နှင့် တာဝန်ယူမှုများရှိရန် လိုအပ်ကြောင်း။

ဆန္ဒမဲပေးခြင်း/မပေးခြင်းသည် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သကဲ့သို့ ဆန္ဒမဲပေးရန် နိုင်ငံသားတစ်ဦး၏တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် မိမိတို့အခွင့်အရေးကို အပြည့်အဝအသုံးချပြီး မိမိတို့၏ တာဝန်ဝတ္တရားများကို လိုက်နာကာ နိုင်ငံ့အကျိုးကို ရှေးရှု၍ မိမိတို့၏ ဆန္ဒသဘောထားများကို ထုတ်ဖော်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဲပေးပိုင်ခွင့်ရှိသူအားလုံးက မကြာမီကျင်းပပြုလုပ်တော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်အောင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူ့အခွင့်အရေးနှင့် နိုင်ငံသားတို့၏ တာဝန်သည် ဒီမိုကရေစီအခြေခံအုပ်ချုပ်ရေးစနစ်နှင့် ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ရေးအတွက် တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး ဟန်ချက်ညီရန် လိုအပ်သည့် အခြေခံအယူအဆနှစ်ရပ်ဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်၏ အာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်နေသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့်လည်း အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် လွတ်လပ်မျှတစွာ မဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားအခွင့်အရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂ၏ဆောင်ပုဒ်မှာ **"Our Everyday Essentials"** ဖြစ်ကြောင်း၊ လူသားများ၏ နေ့ရက်တိုင်းတွင် လူ့အခွင့်အရေးသည် မရှိမဖြစ်၊ မပါမဖြစ်အရေးကြီးသည့်အရာဖြစ်သည်ဟု ဖော်ညွှန်းလိုခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နေ့စဉ်လူမှုဘဝလှုပ်ရှားဆောင်ရွက်မှုတိုင်းတွင် လူ့အခွင့်အရေး အခြေခံသဘောတရားများ ပါဝင်သည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း စသည့် လောကပါလတရား(၃)ပါး လက်ကိုင်ထား ဆောင်ရွက်ကြမည်ဆိုပါက ငြိမ်းချမ်းသာယာသည့် လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်သည့် အသိုက်အဝန်း အမှန်တကယ်ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို မြှင့်တင်ကာကွယ်နိုင်ရန် ဥပဒေသတ်မှတ်ချက်များအတိုင်း အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၉ သို့ *



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး (၇၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် စာအုပ်စာတမ်းများကို ကြည့်ရှုစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၁၇
ရက်
သာ လိုတော့သည်။

✻ စာမျက်နှာ ၈ မှ

နိုင်ငံသားတစ်ဦးသည် အခွင့်အရေးများနှင့်အတူ လူ့အဖွဲ့အစည်းအတွင်း နေထိုင်သူတစ်ဦးအနေဖြင့် ထမ်းဆောင်ရန်တာဝန်များလည်း ရှိနေပါကြောင်း၊ ယင်းတာဝန်များသည် လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းစွာ လည်ပတ်စေရန် အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် အများပြည်သူကောင်းကျိုးအတွက် ပူးပေါင်းပါဝင်ရန်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးနှင့် စည်းမျဉ်းစည်းကမ်း တည်ဆောက်ရေးအတွက် အခြေခံအကျဆုံးသော တာဝန်သည် ဥပဒေကို လေးစားလိုက်နာခြင်းပင်ဖြစ်ကြောင်း၊ တရားမျှတပြီး တာဝန်သိသော ဆန္ဒမဲပေးခြင်း၊ လူမှုရေး လှုပ်ရှားမှုများတွင် ပါဝင်ခြင်းများသည် နိုင်ငံသားတစ်ဦးအနေဖြင့် အများပြည်သူဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိ၏ လွတ်လပ်ခွင့်သည် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို မထိခိုက်စေရန်လည်းလိုကြောင်း၊ နိုင်ငံသားတစ်ဦး၏ တာဝန်များကို ထမ်းဆောင်ခြင်းသည် အခြားသူများ၏ အခွင့်အရေးကို လေးစားခြင်းနှင့် မိမိကိုယ်တိုင်၏ အခွင့်အရေးများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် နိုင်ငံသားများ၏ အခွင့်အရေးများကို အာမခံချက်ပေးပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံသားတာဝန်များကို ထမ်းဆောင်ခြင်းအားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ပံ့ပိုးပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကော်မရှင်၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြား၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အား အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အားလုံးအတွက် လူ့အခွင့်အရေး" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း တိုင်းရင်းသားဘာသာပြန်စာအုပ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာ သရုပ်ဖော်ပုံစာအုပ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ရောက်ရှိရာ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဒေသခံပြည်သူများက ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်မှာကြားပြီး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်း ဆောင်ရွက်ထားရှိသည့် ကျောက်စီမြေထိန်းနံရံနှင့် ရာသီသီးနှံစိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုများ၊ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ဒေသကြက်မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်အောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲအောင် ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းကျောင်းရှိ တာဝန်ရှိသူများက ကြိုးပမ်းသွားကြရန် မှာကြားကာ ချီးမြှင့်ငွေများပေးအပ်၍ သင်တန်းစင်တာအတွင်း ဖွင့်လှစ်ထားရှိသည့် ကွန်ပျူတာအခြေခံသင်တန်းနှင့် ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း လက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်းတယ)ရှိ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အေးသာယာမြို့ရှိ စွယ်တော်ကျောင်းတိုက် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ နှစ်စဉ် ထောက်ပံ့လှူဒါန်းလျက်ရှိသည့် ဆွမ်းဆန်တော်နှင့် ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပညာသင်ကြားလျက်ရှိသော နယ်စပ်ဒေသအသီးသီးမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သောကိစ္စရပ်များကို စီမံဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ တာဝန်ရှိသူများနှင့်အတူ ပင်းတယမြို့နယ် ကုံလုံစံကျောင်းသွားလမ်းခွဲမှ ကုံလုံစံကျောင်းသို့ ဆက်သွယ်ထားရှိသည့် ကျောက်လမ်း တစ်မိုင် တစ်ဖာလုံအား ကတ္တရာထပ်ပိုးလွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ သင်တန်းကျောင်း ကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဒို့တာဝန်အရေး ၃ ပါးကို ဦးထိပ်ထားလျက် ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်း သမီးကောင်းများ ဖြစ်ပေါ်လာစေရေး အလေးထား ပြုစုပျိုးထောင်ပေးသွားရန်၊ နိုင်ငံတော်မှအခမဲ့ပညာသင်ကြားပေးသည်သာမက စားသောက်နေထိုင်ရေးကိစ္စများပါ တာဝန်ယူဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံပြီး အသိဉာဏ်၊ ဆင်ခြင်တုံတရားနှင့် အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ရေးအတွက် ပြုစုပျိုးထောင်ပေးသွားကြရန်၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဝေးဝေးကရှောင်ရှားကြရန်၊ ယခုအရွယ်မှစတင်၍ ကိုယ်ခန္ဓာကျန်းမာအောင်၊ စိတ်ဓာတ်ကြံ့ခိုင်အောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြား၍ ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပင်းတယမြို့မှ အောင်ပန်းမြို့ရှိ စက်မှုလက်မှုလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိရာ သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများနှင့် သင်တန်းသားသင်တန်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်၍ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထု စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်း သွားလာလှုပ်ရှားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

အကြမ်းဖက်အဖွဲ့များ ဖြစ်သည့် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ နိုင်ငံရေးလိုလားချက် ပြည့်ဝစေရန်အတွက် အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ပြည်သူလူထုအား အကြမ်းဖက်တိုက်ခိုက်၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက် အကျပ်ကိုင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ပြည်သူလူထု အကြောက်တရား လွှမ်းမိုးစေရန်အတွက် Social Media အပါအဝင် နည်းလမ်းပေါင်းစုံသုံး၍ လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်း မရှိစေရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာလှုပ်ရှားဆောင်ရွက်နိုင်မှု မရှိစေရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ပျက်စီးစေရေးအတွက် ဒီဇင်ဘာ ၁၀ ရက် ယနေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို အကြောင်းပြု၍ Silent Strike ခေါ် လှုပ်ရှားမှုကို ပြုလုပ်ကြရန် လူမှုကွန်ရက်မှ တစ်ဆင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်ဖိအားပေး လုပ်ဆောင်ခဲ့ကြသည်။

ထိုသို့ CRPH၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ကြပ်မတ်ဆောင်ရွက်ပေးခဲ့သည့် အတွက် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဘာသာရေးဆိုင်ရာနေရာများ၌ သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြသည်။ ထို့ပြင် ဈေးများ၊ ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ယာဉ်လိုင်းများကို တည်ငြိမ် ဖွင့်လှစ် ပြေးဆွဲလျက်ရှိကြောင်း ရေကြောင်းခရီးစဉ်များ၊ မော်တော် အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း သိရသည်။

သတင်းစဉ်



မန္တလေးမြို့ ဆရာစံ(သရဲဈေး)ဈေးတွင် ဈေးရောင်း/ဈေးဝယ်များဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။




ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သင်္ဘောဆိပ်၌ လူအများပုံမှန်အတိုင်း သွားလာလျက်ရှိသည်ကို တွေ့ရစဉ်။



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ဝံတားတွင် ခရီးသွားများဖြင့် စည်ကားများပြားနေမှုကို တွေ့ရစဉ်။



မန္တလေးမြို့ ဈေးချိုတော်တွင် ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။



နေပြည်တော် ပုဗ္ဗသီရိညဈေးတွင် ဈေးရောင်း/ဈေးဝယ်များဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "KAY THWE" Facebook အကောင့်နှင့် "စပ်စုစိန်" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဗိုလ်ကုန်းရပ်ကွက်နေ ကေသွယ်ဝင်း(ခ)စပ်စုစိန်အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ "Zaw Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရွာသစ်ကုန်းကျေးရွာနေ ဇော်ဝင်းထွန်း(ခ)ဇော်ဝင်းအား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## ဂျီအာကွင်းပါနီချယ်လီကို ခေါ်ယူရန် အက်စတွန်ဗီလာအသင်း စိတ်ဝင်စား



**လန်ဒန် ဒီဇင်ဘာ ၁၀**

အက်စတွန်ဗီလာအသင်းသည် စထရာဘော့အသင်း တိုက်စစ်မှူး ဂျီအာကွင်းပါနီချယ်လီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် စထရာဘော့အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၈ ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဂျီအာကွင်း ပါနီချယ်လီကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **(ယာပုံ)**

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် စတာရာဘော့အသင်းထံမှ ဂျီအာကွင်းပါနီချယ်လီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## မာတင်ဘာတူရီနှာ ကိုမိုအသင်းတွင် ဆက်ရှိသွားမည်



**တူရင် ဒီဇင်ဘာ ၁၀**

ကွင်းလယ်ကစားသမား မာတင်ဘာတူရီနှာ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ကိုမိုအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် လိဒ်စ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား မာတင်ဘာတူရီနှာသည် ကိုမိုအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ကိုးပွဲကစားပြီး တစ်ဂိုး သွင်းယူထားသည်။ **(ဝဲပုံ)**

ကိုမိုအသင်း၏ထုတ်ပြန်ချက်တွင် 'မာတင်ဘာတူရီနှာအသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်'ဟု ထုတ်ပြန်သည်။ **(NGB)**

## ချန်ပီယံလိဂ်သမိုင်းတွင် သုံးပွဲဆက် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် လီနာရတ်ကားလ် မှတ်တမ်းဝင်

**မြူးနစ် ဒီဇင်ဘာ ၁၀**

ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား လီနာရတ်ကားလ်သည် ချန်ပီယံလိဂ်သမိုင်းတွင် သုံးပွဲဆက် ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက စပို့တင်းလစ္စဘွန်းအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား လီနာရတ်ကားလ်သည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၉ ပွဲကစားပြီး ငါးဂိုးအထိ သွင်းယူထားသည်။

အသက်(၁၇)နှစ်အရွယ်ရှိ လီနာရတ်ကားလ်က 'အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများရရှိအောင် ဆက်လက် ကြိုးစားသွားမှာပါ'ဟု ပြောသည်။

**(အောက်ပုံ)(NGB)**



## ဒီလက်ပ် ပခုံးဒဏ်ရာကြောင့် နှစ်လအထိ အနားယူရမည်

**လန်ဒန် ဒီဇင်ဘာ ၁၀**

ချဲလ်ဆီးအသင်းတိုက်စစ်မှူး ဒီလက်ပ် ပခုံးဒဏ်ရာကြောင့် နှစ်လအထိ အနားယူရမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းနှင့် ဘုန်းမောက်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည့် ပွဲစဉ်အပြီးတွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဒီလက်ပ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီလက်ပ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ ပွဲကစားပြီး တစ်ဂိုး သွင်းယူထားသည်။

**(အောက်ပုံ)**
**(NGB)**



## ဂျွန်နီအီဗန် မန်ယူအသင်းမှ ထွက်ခွာ



**လန်ဒန် ဒီဇင်ဘာ ၁၀**

လူငယ်ကစားသမားများ အငှားချထားရေးနှင့် ပတ်သက်ပြီး တာဝန်ထမ်းဆောင်နေသည့် ဂျွန်နီအီဗန်သည် မန်ယူအသင်းမှ ထွက်ခွာခဲ့ပြီဖြစ်သည်။

ဂျွန်နီအီဗန်သည် မန်ယူအသင်းတွင် ဘောလုံးဒါရိုက်တာ ဂျေဆင်ဝဲလ်ကော့နှင့်အတူ ကစားသမားများ အမြင့်ဆုံးတိုးတက်ရန်နှင့် လူငယ်ကြယ်ပွင့်များကို အသင်းကြီးအတွက် ပြင်ဆင်ပေးရခြင်းနှင့် အငှားချထားရေးကိစ္စရပ်များကို တာဝန်ထမ်းဆောင်ရခြင်းဖြစ်သည်။

ဂျွန်နီအီဗန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူအသင်း ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ယင်းတာဝန်ကို ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ဂျွန်နီအီဗန်က 'ကျွန်တော် မန်ယူအသင်းမှ ထွက်ခွာခဲ့ပါပြီ။ မိသားစုကို အချိန်ပေးဖို့အတွက် အခုလို ထွက်ခွာခဲ့ခြင်းဖြစ်ပါတယ်'ဟု ပြောသည်။**(အပေါ်ပုံ)**
**(NGB)**

## အေစီမီလန်အသင်းနှင့်အတူ စီးရီးအေဆုဖလား ရယူသွားမည်ဟု ပူလီဆစ် ပြောကြား

**မီလန် ဒီဇင်ဘာ ၁၀**

အေစီမီလန်အသင်းတောင်ပံကစားသမား ပူလီဆစ်က မိမိအနေဖြင့် အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ စီးရီးအေချန်ပီယံဆုကို ရယူသိမ်းပိုက်သွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါတောင်ပံကစားသမားသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၂ ပွဲကစားပြီး ၄၁ ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ပူလီဆစ်က 'အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ စီးရီးအေချန်ပီယံဆုကို ရယူသွားမှာပါ။ ကျွန်တော့်အနေနဲ့လည်း အသင်းအတွက် အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ။ ပြီးတော့ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။

အေစီမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စီးရီးအေပွဲစဉ် ၁၄ပွဲကစားအပြီးတွင် ရမှတ် ၃၁ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိသည်။

**(ယာပုံ)**
**(NGB)**



### အရှေ့တောင်အာရှ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၁၁-၁၂-၂၀၂၅ ညနေ ၃း၃၀ နာရီ | B | ဖိလစ်ပိုင် - မလေးရှား |
| ။ | B | ဗီယက်နမ် - မြန်မာ |

### အရှေ့တောင်အာရှ ဆီးဂိမ်း ယူ-၂၂ အမျိုးသားဘောလုံးပြိုင်ပွဲ နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၁၁-၁၂-၂၀၂၅ ညနေ ၃း၃၀ နာရီ | B | ဗီယက်နမ် - မလေးရှား |
| ၁၁-၁၂-၂၀၂၅ ညနေ ၆း၃၀ နာရီ | A | ထိုင်း - စင်ကာပူ |

### ယူရိုပါလိဂ်ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)ပွဲစဉ်-၆ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၂-၁၂-၂၀၂၅ သောကြာနေ့ | နံနက်၀၀း၁၅ နာရီ | (၁၂) ဒိုင်နမိုဇာဂရက်(ခရိုအေးရှား-၁) - ဘက်တစ်(စပိန်-၆) (၅) |
| ။ | ။ | (၂) မစ်ကျီလန်း(ဒိန်းမတ်-၂) - ဂျင့်ခ်(ဘယ်လဂျီယံ) (၉) |
| ။ | ။ | (၃၂) အူထရက်(နယ်သာလန်-၇) - နော့တင်ဟမ်(အင်္ဂလန်-၁၇) (၁၆) |
| ။ | ။ | (၆) ဗီရန်ဘားရှိုစ်(ဟန်ဂေရီ-၁) - ရိန်းဂျားစ်(စကော့တလန်-၄) (၃၃) |
| ။ | ။ | (၃) လူဒိုဂိုရက်စ်(ဘူလ်ဂေးရီးယား) - PAOK(ဂရိ-၂) (၁၇) |
| ။ | ။ | (၃၆) နိစ်(ပြင်သစ်-၁၂) - ဘရာဂါ(ပေါ်တူဂီ-၅) (၇) |
| ။ | ။ | (၂၈) စတန်းဂရပ်ဇ်(ဩစတြီးယား-၂) - ဖဝက်ဇ်ဒါ(ဆားဘီးယား-၂) (၂၂) |
| ။ | ။ | (၁၂) စတုဂတ်(ဂျာမနီ-၆) - မက္ကာဘီတဲလ်အဗစ်(အစ္စရေး-၃) (၃၅) |
| ။ | ။ | (၂၆) ယန်းဘွိုင်းစ်(ဆွစ်ဇာလန်-၄) - လိုင်လီ(ပြင်သစ်-၄) (၁၁) |
| ။ | နံနက်၀၂း၃၀ နာရီ | (၂၄) ဘေဆယ်လ်(ဆွစ်ဇာလန်-၃) - ဗီလာ(အင်္ဂလန်-၃) (၃) |
| ။ | ။ | (၁၉) ဘရန်း(နော်ဝေ-၄) - ဖီနာဘာချီ(တူကီယဲ-၃) (၂၀) |
| ။ | ။ | (၁၀) ဆဲလ်တာဗီဂို(စပိန်-၁၀) - ဘိုလော့ညာ(အီတလီ-၅) (၁၈) |
| ။ | ။ | (၃၁) FCSB(ရိုမေးနီးယား-၁၀) - ဖီယင်နု(နယ်သာလန်-၂) (၃၀) |
| ။ | ။ | (၂၁) ဆဲလ်တစ်(စကော့တလန်-၂) - ရိုးမား(အီတလီ-၄) (၁၅) |
| ။ | ။ | (၈) ပေါ်တို(ပေါ်တူဂီ-၁) - မော်လ်မို(ဆွီဒင်-၆) (၃၄) |
| ။ | ။ | (၄) ဖရိုင်းဘတ်(ဂျာမနီ-၉) - ဆောလ်ဘတ်(ဩစတြီးယား-၁) (၂၉) |
| ။ | ။ | (၁) လိုင်ယွန်(ပြင်သစ်-၅) - ဂိုအေဟီးကဲလ်(နယ်သာလန်-၁၀) (၂၇) |
| ။ | ။ | (၁၄) ပါနာသီနာကိုစ်(ဂရိ-၆) - ပလာဇန်(ချက်-၅) (၁၃) |

မှတ်ချက်။ ( )အတွင်းမှ ရလဒ်များသည် ပြိုင်ပွဲဝင်(၃၆)သင်း၏ ယူရိုပါလိဂ် အမှတ်ပေးလိဂ်အဆင့်များ ဖြစ်သည်။

# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ၊ လူစည်ကားရာနေရာများတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှ

**မန္တလေး ဒီဇင်ဘာ ၁၀**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ မန္တလေးတပ်နယ်မှ တပ်နယ်မှူးနှင့် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မန္တလေးတိုင်းဒေသကြီးတွင် အပိုင်း(၃)ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အပိုင်း(၁)ကို မြို့နယ် ၈ မြို့နယ်၌ ကျင်းပသွားမည်ဖြစ်ပြီး လျာထားမဲရုံပေါင်း ၁၂၄၂ ရုံ၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် အပိုင်း(၂)ကို မြို့နယ် ၉ မြို့နယ်တွင် ကျင်းပသွားမည်ဖြစ်ပြီး လျာထားမဲရုံပေါင်း ၁၀၇၃ ရုံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အပိုင်း(၃) ကျင်းပမည့်ရက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း လုံခြုံအေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ဗဟိုကော်မတီ၏ လမ်းညွှန်မှာကြားချက်များကို အလေးထားလိုက်နာကာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် ပေါင်းစပ်ပြီး လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပါဝင်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးဆိုင်ရာ လက်ကမ်းစာစောင် ကန့်ပိန်းပြုလုပ်နေသော အောင်မြေသာစံမြို့နယ်၊ ၁၉လမ်းနှင့် ၆၆လမ်းထောင့်သို့လည်းကောင်း၊ ၂၆လမ်းနှင့် ၆၆ လမ်းထောင့်သို့လည်းကောင်း သွားရောက် ကြည့်ရှုအားပေး၍ လမ်းသွား၊လမ်းလာ ပြည်သူများအား "ဒို့အတူတူ မဲပေးကြမယ်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့" လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမသို့ သွားရောက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပွဲသို့ တက်ရောက်လာသော ပြည်သူများအားလည်းကောင်း၊ မန္တလေးအဆင့်မြင့်ဈေးချိုတော်နှင့် မန်းမြန်မာပလာဇာသို့ သွားရောက်၍ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအားလည်းကောင်း၊ ဆေးတက္ကသိုလ်(မန္တလေး)သို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း "ဒို့အတူတူမဲပေးကြမယ်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**










# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဈေးနှင့်သားသတ်ဌာနမှ ကြီးမှူးကျင်းပသော ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့၊ ၇၁ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြားနှင့် ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် ကျင်းပသည်။

ပြေးခုန်ပစ်ပြိုင်ပွဲသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းအမှုထမ်းများနှင့် ပြိုင်ပွဲဝင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ဒိုင်များအဖြစ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ကြရာ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၂၀၀ ပြိုင်ပွဲများကိုလည်းကောင်း၊ အမျိုးသား သုံးချောင်းထောက်မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသမီး ဆန်ကောရွက်ပြိုင်ပွဲ မီတာ ၁၀၀၊ အာလူးကောက် အပြေးပြိုင်ပွဲ မီတာ ၁၀၀ နှင့် အပ်ထိုးအပြေး ပြိုင်ပွဲမီတာ ၁၀၀ ပြိုင်ပွဲများကို ပျော်ရွှင်စွာယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့် ဌာနမှူးများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**

## အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး



**မြစ်သား ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းတွင် မပါရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီက အနော်ရထာခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်အတွက် မြစ်သားမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အသက် (၁၈)နှစ်နှင့်အထက် ဝန်ထမ်း၏ မိသားစုဝင်များတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ ပျောက်ဆုံး၊ ပျက်စီးသူများနှင့် အိမ်ထောင်စု လူဦးရေစာရင်းတွင် မပါဝင်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ဝါဝါမြင့်(မြစ်သား)

၀-၀-၀-၀-၀

၀-၀-၀

## တိုင်းရင်းဆေးဖြင့် ဆေးဝါးများကုသပေး



**မြစ်သား ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာနမှ (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာနိုးနှော ဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက ကင်းစိန်ဈေးအခြေခံပညာမူလတန်းကျောင်းတွင် ကုသပေးခဲ့သည်။

ထိုသို့ ကုသပေးရာတွင် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်ဆေးမှူး ဒေါ်စိုပြေဝင်းက ဆောင်းရာသီတွင်ဖြစ်ပွားတတ်သော နှာစေးချောင်းဆိုးခြင်း၊ အစာမကြေခြင်းရောဂါများ အတွက်ကုသပေးခြင်း၊ သောက်ဆေးပေးခြင်း၊ လိမ်းဆေးပေးခြင်းများကို ကျောင်းသား၊ ကျောင်းသူ ၁၀၂ ဦးအား ကုသပေးခဲ့ သည်။

မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ကွင်းဆင်းကုသပေးခြင်းများကို သတ်မှတ်ရက်များအလိုက် နယ်လှည့်ကွင်းဆင်း ကုသပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

(အပေါ်ပုံ)

ဝါဝါမြင့်(မြစ်သား)

၀-၀-၀-၀-၀

## နိုဝင်ဘာလအတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် နှစ်သိန်းကျော် တင်ပို့ထား

ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန်နှစ်သိန်းကျော်တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ထိုသို့တင်ပို့ရာတွင် ဆန်ကွဲ တန်ချိန် ၁၄၆၁၅၁ တန်နှင့် ဆန်တန်ချိန် ၁၁၇၆၆၄ တန် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၇၆ သန်းရရှိထားကြောင်း သိရသည်။



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၇၈၇၁၄၃ တင်ပို့ထားပြီး ယင်းမှပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၇၅ သန်း ရရှိခဲ့ကြောင်း သိရသည်။

ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့ရာတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တင်ပို့ခြင်းဖြစ်ကာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အများဆုံးတင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် ဧပြီလတွင် တန်ချိန် ၁၄၂-၇၈၈ တန်၊ မေလတွင် တန်ချိန် ၂၅၉၅၀၁ တန်၊ ဇွန်လတွင် တန်ချိန် ၂၁၂၄၁၆ တန်၊ ဇူလိုင်လတွင် ၂၃၀၆၇၂ တန်၊ ဩဂုတ်လတွင် ၁၉၂၉၈၅ တန်၊ စက်တင်ဘာလတွင် ၁၆၈၀၄၆ တန်၊ အောက်တိုဘာလတွင် ၃၁၆၉၂၀ တန်နှင့် နိုဝင်ဘာလတွင် ၂၆၃၈၁၅ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)ရွှေမန်း

## (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

(၁၀-၁၂-၂၀၂၅)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ထိုင်း | ၁၉ | ၁၃ | ၁၀ | ၄၂ |
| ၂။ | အင်ဒိုနီးရှား | ၅ | ၉ | ၇ | ၂၁ |
| ၃။ | စင်ကာပူ | ၅ | ၄ | ၅ | ၁၄ |
| ၄။ | ဗီယက်နမ် | ၄ | ၄ | ၁၆ | ၂၄ |
| ၅။ | မြန်မာ | ၂ | ၄ | ၁ | ၇ |
| ၆။ | မလေးရှား | ၂ | ၂ | ၉ | ၁၃ |
| ၇။ | ဖိလစ်ပိုင် | ၂ | ၂ | ၉ | ၁၃ |
| ၈။ | လာအို | ၁ | ၁ | ၆ | ၈ |
| ၉။ | ဘရူနိုင်း | ၀ | ၁ | ၁ | ၂ |
| ၁၀။ | တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |

* စာမျက်နှာ ၂၄ မှ

ငွေတံဆိပ်၊ လာအိုအသင်းက ၃၁၅ မှတ်ဖြင့် ကြေးတံဆိပ်ဆု၊ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းက ၅၇၄ မှတ်ဖြင့် ရွှေတံဆိပ်၊ အိမ်ရှင် ထိုင်းအသင်းက ၅၀၁ မှတ်ဖြင့် ငွေတံဆိပ်၊ လာအိုအသင်းက ၃၇၅ မှတ်ဖြင့် ကြေးတံဆိပ်ဆု ရရှိသည်။

မြန်မာခြင်းလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းပါဝင်တိုင်း ရွှေတံဆိပ်ဆုမလွတ်တမ်းရယူနိုင်သည့် အစဉ်အလာကောင်းကို ယခုပြိုင်ပွဲတွင်လည်း ဆက်ထိန်းထားနိုင်ခဲ့သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - seagames2025

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**ပျဉ်းမရွက်**

၁။ **ဆီးချိုကျစေနိုင်တယ်။**

ပျဉ်းမရွက်က ဆဲလ်တွေရဲ့ သွေးတွင်းအချိုဓာတ်တုံ့ပြန်နိုင်စွမ်းကို တိုးစေနိုင်သောကြောင့် သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေအောင် အထောက်အကူပြုပေးပါတယ်။ ပျဉ်းမရွက်က သွေးတွင်းအချိုဓာတ်ထုတ်လုပ်မှုကို ၃၀ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်ပြီး ဂလူးကို့စ် သိုလှောင်ထားတဲ့ မော်လီကျူးတွေရဲ့ လုပ်ဆောင်မှုတွေကိုလည်း လျော့ကျအောင် လုပ်ဆောင်ပေးပါတယ်။

၂။ **ကိုယ်အလေးချိန်ကျစေနိုင်တယ်။**

ဆီးချိုရောဂါကြောင့် အဝလွန်လာတာမျိုးမဖြစ်အောင်လည်း ပျဉ်းမရွက်က လုပ်ဆောင်ပေးပါသေးတယ်။ ဆီးချိုဆေးအများစုက သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေနိုင်သော်လည်း အဆီဓာတ်ကိုတော့ ကျဆင်းစေနိုင်စွမ်း မရှိပါဘူး။ ပျဉ်းမရွက်ကတော့ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ စွမ်းအင်တွေကို ထိန်းသိမ်းပေးပြီး အစာစားချင်စိတ် သိပ်မဖြစ်အောင် လုပ်ဆောင်ပေးပါတယ်။ အဆီဆဲလ်တွေဖြစ်ပေါ်မှုကို လျော့ကျစေပြီး သွေးတွင်းကိုလက်စထရောပမာဏကိုလည်း ကျဆင်းစေနိုင်ပါတယ်။

၃။ **ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိတယ်။**

ပျဉ်းမရွက်က Superoxide ပမာဏကို ကျဆင်းစေပြီး ဆဲလ်တွေကို လုပ်ငန်းဆောင်တာတွေ ကောင်းမွန်စွာလုပ်ဆောင်နိုင်အောင် ကူညီပေးပြီး ရောဂါပိုးတွေ ကူးစက်ရှင်သန်နိုင်စွမ်းကိုလည်း ကျဆင်းစေနိုင်ပါတယ်။

၄။ **ရောင်ရမ်းမှုကို လျော့ပါးသက်သာစေနိုင်တယ်။**

ပျဉ်းမရွက်မှာပါတဲ့ Corosolic Acid က ရောင်ရမ်းမှုတွေကို လျော့ပါးသက်သာစေနိုင်စွမ်း ရှိပါတယ်။

၅။ **ရောဂါပိုးတွေ ကူးစက်မှုကို ကာကွယ်ပေးတယ်။**

ပျဉ်းမရွက်မှာပါတဲ့ Corosolic, Gallic နဲ့ Ellagic Acid တွေက လူသားဆဲလ်တွေမှာ ဗိုင်းရပ်စ်တွေ မရှင်သန်နိုင်အောင် တားဆီးပေးနိုင်သောကြောင့် ခန္ဓာကိုယ်ထဲကို ရောဂါပိုးတွေ မဝင်ရောက်နိုင်အောင် ကာကွယ်ပေးပါတယ်။

၆။ **ဘက်တီးရီးယားတွေကို သေစေနိုင်တယ်။**

ပျဉ်းမရွက် အဆီက E.coli လိုမျိုး ခန္ဓာကိုယ်အတွက် အန္တရာယ်ရှိတဲ့ ဘက်တီးရီးယားတွေကို သေစေနိုင်စွမ်းရှိပါတယ်။

၇။ **ကင်ဆာကာကွယ်ပေးနိုင်တယ်။**

ပျဉ်းမရွက်မှာပါတဲ့ Corosolic Acid က အူမကြီးကင်ဆာဆဲလ်တွေကို သေစေနိုင်စွမ်းရှိပါတယ်။ ကင်ဆာကျိတ်တွေ ကြီးထွားမှုကိုလည်း ဟန့်တားပေးနိုင်ပါတယ်။

၈။ **နှလုံးကို ကျန်းမာစေနိုင်တယ်။**

ပျဉ်းမရွက်မှာပါတဲ့ Gallotannin က နှလုံးကျန်းမာရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေတဲ့ Tannic Acid တစ်မျိုးပါ။ ပျဉ်းမပင်မှာပါတဲ့ Corosolic Acid က သွေးတိုးကျစေပြီး နှလုံးကို ကျန်းမာစေနိုင်ပါတယ်။

၉။ **အသည်းရောဂါကို ကာကွယ်ပေးနိုင်တယ်။**

အသည်းမှာ အဆီတွေများလာတဲ့အခါမှာ အသည်းရောဂါတွေ ဖြစ်လာနိုင်ပါတယ်။ သကြားဓာတ်အစားများတာက အသည်းရောဂါဖြစ်ရတဲ့ အဓိကအကြောင်းရင်းပါ။ ပျဉ်းမရွက် အဆီက သွေးတွင်း ကိုလက်စထရောပမာဏကို ကျဆင်းစေပြီး အသည်းရောဂါတွေကြောင့် အသည်းပျက်စီးတာကို လျော့ပါးသက်သာစေနိုင်ပါတယ်။

**သတိပြုရန်**

ပျဉ်းမရွက်က ကျန်းမာရေးအတွက် ကောင်းတယ်ဆိုပေမယ့် အလွန်အကျွံအသုံးပြုမယ်ဆိုရင် ဆိုးကျိုးရှိလာနိုင်တာကြောင့် သတိထားသုံးစွဲသင့်ပါတယ်။

ခန္ဓာကိုယ်ပြင်ပအတွက် အသုံးပြုနိုင်ပေမယ့် ရောဂါအခံရှိသူတွေ၊ ကျန်းမာရေးပြဿနာတစ်ခုခုကြောင့် ဆေးသောက်နေရသူတွေအနေနဲ့ ဆရာဝန်နဲ့ သေချာတိုင်ပင်ပြီးမှ အသုံးပြုသင့်ပါတယ်။



**ရုံးပတီသီးစိမ်ရည်**

ရုံးပတီသီးတောင့်များကို ပါးပါးလှီးပြီး တစ်ညလုံးရေတွင် စိမ်ထားခြင်းဖြင့် အာဟာရဓာတ်များနှင့် အမျှင်ဓာတ်များ ရေထဲသို့ပျော်ဝင်ထွက်လာစေသော သဘာဝအချိုရည်တစ်မျိုးဖြစ်ပါတယ်။ ထိုစိမ်ရည်က ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိမှာဖြစ်ပါတယ်။

၁။ **မျိုးပွားနိုင်စွမ်းကို မြှင့်တင်ပေးတယ်။**

ခန္ဓာကိုယ်တွင်းရှိ ဟော်မုန်းများကို ထိန်းညှိပေးပြီး အမျိုးသမီးများ၏ မျိုးဥကြွခြင်းကို ကောင်းမွန်စေကာ အမျိုးသားများ၏ သုက်ပိုးအရည်အသွေးကိုလည်း အားကောင်းစေပါတယ်။

၂။ **သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးတယ်။**

ရုံးပတီသီးထဲရှိ ရေတွင်ပျော်ဝင်နိုင်သော အမျှင်ဓာတ်က သကြားဓာတ်ကို သွေးကြောထဲသို့ စုပ်ယူမှုကို နှေးကွေးစေပါတယ်။ သကြားဓာတ်ပမာဏကို ထိန်းချုပ်လိုသူများ သို့မဟုတ် ဆီးချိုရောဂါရှိသူများအတွက် သင့်လျော်ပါတယ်။

၃။ **အစာခြေစနစ်ကို ကောင်းမွန်စေတယ်။**

ရုံးပတီသီးစိမ်ရည်ဟာ အူလမ်းကြောင်းကို ညင်သာစွာ သန့်ရှင်းစေတဲ့ အာနိသင်ရှိပြီး ဝမ်းချုပ်ခြင်းကို သက်သာစေကာ ပုံမှန်ဝမ်းသွားစေရန် ကူညီပေးပါတယ်။

၄။ **နှလုံးနဲ့ သွေးကြောများကို ကောင်းမွန်စေတယ်။**

သွေးတွင်းရှိ ကိုလက်စထရော အဆင့်ကို လျှော့ချပေးပြီး သွေးလည်ပတ်မှုကို ပိုမိုကောင်းမွန်စေပါတယ်။ နှလုံးရောဂါဖြစ်နိုင်ခြေကို သဘာဝအတိုင်း လျှော့ချပေးနိုင်ပါတယ်။

၅။ **အသားအရေနဲ့ ဆံပင်ကို အားဖြည့်ပေးတယ်။**

အသားအရေကို ကြည်လင်တောက်ပစေပြီး ဝက်ခြံဖြစ်ပေါ်ခြင်းကို လျှော့ချပေးတဲ့ ဗီတာမင်စီနဲ့ ဗီတာမင်အေ များစွာပါဝင်တဲ့အတွက် ဆံပင်အမြစ်များကိုလည်း သန်မာစေပါတယ်။

၆။ **ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးတယ်။**

ကူးစက်ရောဂါများကို ကာကွယ်ပေးနိုင်ပြီး ကိုယ်ခံအားစနစ်ကို ပိုမိုကောင်းမွန်စွာ အလုပ်လုပ်စေရန် အားဖြည့်ပေးတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ(အင်န်တီအောက်ဆီးဒင့်)အပြည့်အဝ ပါဝင်ပါတယ်။

**ရုံးပတီသီးစိမ်ရည်ပြုလုပ်နည်း**

ရုံးပတီသီး လေး၊ ငါးတောင့်(လတ်လတ်ဆတ်ဆတ်)နဲ့ ရေတစ်ဖန်ခွက်ပဲလိုပါတယ်။

ရုံးပတီသီးများကို ရေစင်အောင်ဆေးပြီး ပါးပါးလှီးဖြတ်ပါ။ လှီးဖြတ်ထားတဲ့ ရုံးပတီသီးခြမ်းများကို ရေသန့်တစ်ဖန်ခွက်ထဲတွင် တစ်ညလုံးစိမ်ထားပါ။ နောက်တစ်နေ့ နံနက်တွင် ရေကို စစ်ယူပြီး အစာမစားမီ သောက်ပေးပါ။

ထိုသို့ပုံမှန်သောက်သုံးပေးခြင်းဖြင့် ခန္ဓာကိုယ်ကို လန်းဆန်းစေပြီး အစာခြေစနစ်ကို ကောင်းမွန်စေကာ ကိုယ်တွင်းပိုင်းတွင် ပေါ့ပါးမှုကို ခံစားရပါလိမ့်မည်။



**တံတိုင်းမွှေးပင်**

တံတိုင်းမွှေးပင်ဆိုတာ ပန်းပွင့်တဲ့ အပင်တစ်မျိုးပါ။ ရှေးခေတ်ကာလတွေမှာကတည်းက ဆေးဝါးအဖြစ် အသုံးပြုခဲ့ကြပါတယ်။ အပင်ရဲ့ အပွင့်၊ အခေါက်၊ အဆီ၊ အနှစ်အားလုံးက ဆေးဖက်ဝင်ပါတယ်။

၁။ **စိုးရိမ်စိတ်များတာကို သက်သာစေတယ်။**

တတိုင်းမွှေးပင်က ခန္ဓာကိုယ်ရဲ့ ဟော်မုန်းမညီမျှမှုကို တိုက်ရိုက်ထိန်းညှိပေး၍ စိုးရိမ်စိတ်များတာကို သက်သာစေနိုင်ပြီး ဟော်မုန်းမညီမျှမှုကြောင့် စိတ်ဖိစီးတာကိုလည်း သက်သာစေနိုင်ပါတယ်။ ကိုယ်တွင်းမှာ စိတ်ခံစားမှုကောင်းစေနိုင်တဲ့ ဟော်မုန်းတွေထွက်ရှိစေဖို့ လှုံ့ဆော်ပေးပါတယ်။

၂။ **သွားဖုံးရောင်တာကို သက်သာစေတယ်။**

တတိုင်းမွှေးပင် အဆီအနှစ်တွေက သွားဖုံးရောင်တာ၊ သွားဖုံးသွေးထွက်တာတွေကို သက်သာစေနိုင်ပြီး သွားနဲ့ခံတွင်းကျန်းမာရေးကို ထောက်ကူပေးပါတယ်။

၃။ **ရာသီလာချိန်ကိုက်ခဲတာကို သက်သာစေတယ်။**

တတိုင်းမွှေးပန်းပွင့်တွေနဲ့ အခေါက်တွေထဲမှာရှိတဲ့ ဒြပ်ပေါင်းတွေက အရောင်ကျစေနိုင်ပြီး ကြွက်သားတွေ နာကျင်ကိုက်ခဲတာကို သက်သာစေနိုင်ပါတယ်။ စိတ်ခံစားမှုကိုလည်း ကောင်းစေပါတယ်။ ရာသီအကြိုလက္ခဏာတွေကိုလည်း သက်သာစေနိုင်ပါတယ်။

၄။ **အသက်ရှူလမ်းကြောင်းကို ကောင်းမွန်စေနိုင်တယ်။**

တတိုင်းမွှေးပင်က လေပြွန်ရောင်တာ၊ ချောင်းဆိုးတာ၊ ချွဲထတာတွေအပါအဝင် ပန်းနာရင်ကြပ်ရောဂါတွေကိုပါ သက်သာစေနိုင်ပါတယ်။ အသက်ရှူလမ်းကြောင်းတစ်လျှောက် ရောင်ရမ်းမှုကို သက်သာစေနိုင်ပါတယ်။

၅။ **ဓာတ်မတည့်မှုကို သက်သာစေနိုင်တယ်။**

တတိုင်းမွှေးပင်ရဲ့ နောက်ထပ်အာနိသင်တစ်ခုကတော့ ဓာတ်မတည့်မှုကို သက်သာစေတာပါ။ ရာသီဥတုကြောင့်ဖြစ်တဲ့ ဓာတ်မတည့်မှုကို သက်သာစေနိုင်ပြီး ဝတ်မှုန်ဓာတ်မတည့်မှုကိုလည်း သက်သာစေနိုင်ပါတယ်။

၆။ **ဝိတ်ကျစေနိုင်တယ်။**

တတိုင်းမွှေးပင်စည် အခေါက်က အစာစားချင်စိတ်ကို ထိန်းချုပ်ပေးနိုင်သောကြောင့် ဝိတ်ကျစေဖို့ ထောက်ကူပေးပါတယ်။ သွေးဆုံးချိန်မတိုင်ခင် ကိုယ်အလေးချိန်တက်တာမျိုး ကျန်းမာရေးပြဿနာတွေကို သက်သာစေဖို့လည်း ထောက်ကူပေးပါတယ်။

၇။ **သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးတယ်။**

တတိုင်းမွှေးပင်က စိတ်ဖိစီးမှုကို လျော့ကျစေနိုင်ပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးဖို့လည်း အထောက်အကူပြုပါတယ်။ ဆီးချိုကိုထိန်းညှိဖို့အသုံးပြုပေးလို့ရသလို ကာကွယ်ပေးဖို့လည်း အသုံးပြုပေးလို့ရပါတယ်။

၈။ **အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးတယ်။**

တတိုင်းမွှေးပင်ရဲ့ နောက်ထပ်အသုံးဝင်ပုံတစ်ခုကတော့ လူကြီးတွေမှာ သိမြင်မှုစွမ်းရည်ကျဆင်းတာကို သက်သာစေတာပါ။ ဦးနှောက်တွင်းက Acetylcholine ပမာဏမြင့်တက်အောင် လှုံ့ဆော်ပေးပြီး မှတ်မိနိုင်စွမ်းနည်းတာကို သက်သာစေနိုင်ပါတယ်။ ဦးနှောက်စွမ်းဆောင်ရည်ကို ကောင်းမွန်စေဖို့လည်း လှုံ့ဆော်ပေးပါတယ်။

၉။ **အသည်းကို ကျန်းမာစေနိုင်တယ်။**

တတိုင်းမွှေးပင်က ပြန်ရည်ကြောစနစ်ကို လှုံ့ဆော်ပေးပြီး ကိုယ်တွင်းက အဆိပ်အတောက်တွေကို ဖယ်ရှားပေးပါတယ်။ အရက်သောက်တာများခြင်းကြောင့် အသည်းအဆီဖုံးတာကို ကာကွယ်ဖို့လည်း ထောက်ကူပေးနိုင်ပါတယ်။ အသည်းရဲ့လုပ်ဆောင်မှုတွေကို ကောင်းမွန်စေဖို့လည်း လုပ်ဆောင်ပေးပါတယ်။

**သတိပြုရန်**

တံတိုင်းမွှေးက ကျန်းမာရေးအတွက် ကောင်းပေမယ့် တန်ဆေး လွန်ဘေးဆိုသလို အများကြီးမသုံးသင့်ပါဘူး။ ရောဂါအခံရှိသူတွေ၊ ကျန်းမာရေးပြဿနာတွေကြောင့် ဆေးသောက်နေရသူတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ နို့တိုက်မိခင်တွေအနေနဲ့ ဆရာဝန်နဲ့ သေချာတိုင်ပင်ပြီးမှ အသုံးပြုသင့်ပါတယ်။



**သံပရာသီးနဲ့ ဟင်းချိုမှုန့်**

ကင်းမြီးကောက်၊ ကင်းခြေများနဲ့ ကင်းအမျိုးမျိုး အကိုက်ခံရခြင်းအတွက် ငါးမိနစ်အတွင်း ပျောက်ကင်းစေမယ့် ဆေးနည်းလေးကို ဖော်ပြပေးလိုက်ပါတယ်။

ဆေးနည်းကတော့ လွယ်ကူပါတယ်။ သံပရာသီးတစ်ခြမ်းကို အရည်ညှစ်ပါ။ ထိုညှစ်ရည်ထဲသို့ ဟင်းချိုမှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းထည့်ပြီး သမအောင်မွှေကာ ကင်းကိုက်ခံရတဲ့နေရာမှာ လိမ်းပေးလိုက်ပါ။

ငါးမိနစ်ကြာတဲ့အခါ နာကျင်မှုတွေသက်သာလာပြီး အဖုအပိမ့်တွေလည်း လျင်မြန်စွာ ကျသွားတာကို တွေ့ရပါလိမ့်မည်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား - Tik Tok**

# KK Park နယ်မြေ၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ဆောင်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ထပ်မံရှင်းလင်း

နေပြည်တော် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်လေးထပ်အဆောက်အအုံတစ်လုံး၊ သုံးထပ်အဆောက်အအုံတစ်လုံးနှင့် နှစ်ထပ်




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက်တွေ့ရစဉ်။

အဆောက်အအုံရှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၆၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါနယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ထိုင်းနိုင်ငံသားလေးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်း




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အား ဖောက်ခွဲဖျက်ဆီးမည့် အစီအမံ အပိုင်း(၃) (၁၀.၁၂.၂၀၂၅)

နှင့် ကျန်ရှိသည့် တရားမဝင်ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၁၃၂ လုံး ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် တရားမဝင်နိုင်ငံသားများ တွေ့ရှိခြင်းမရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လသာမြို့နယ် မဟာဗန္ဓုလလမ်းရှိ ရွှေဇင်အာမခံရွှေဆိုင်မှ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၁၀၃၀ ကို သေနတ်ဖြင့်ခြိမ်းခြောက်၍ လုယက်ယူဆောင်ခဲ့သူများ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၃)ရပ်ကွက် မဟာဗန္ဓုလလမ်းရှိ ရွှေဇင်အာမခံရွှေဆိုင်မှ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၁၀၃၀ ကို ဒီဇင်ဘာ ၅ ရက်က သေနတ်ဖြင့် ခြိမ်းခြောက်၍ လုယက်ယူဆောင်ခဲ့သူများနှင့် ပူးပေါင်းပါဝင်သူတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် လှိုင်မြို့နယ် အမှတ်(၁၄)ရပ်ကွက် မြကန်သာအိမ်ရာနေ ဦးစိုးမြွေး(၆၀) နှစ်သည် “ရွှေဇင်” အာမခံရွှေဆိုင်၌ ရောင်းချမည့် ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၁၀၃၀ တို့အား BGO-27 4S-4805 Faw TOYOTA BZ4X အဖြူရောင်ယာဉ်ဖြင့် သယ်ဆောင်လာပြီး ရွှေဆိုင်ရှေ့အရောက်၌ ကားပေါ်မှ ဆိုင်အတွင်း ရွှေ့ပြောင်းရန် ပြုလုပ်နေစဉ် အမျိုးသားနှစ်ဦး (စီစစ်ဆဲ)မှ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဦးစိုးမြွေးနှင့် ဆိုင်ဝန်ထမ်းများအား သေနတ်ဖြင့် ခြိမ်းခြောက်ကာ ယာဉ်ပေါ် တင်ဆောင်လာသည့် ရွှေထည်ပစ္စည်းမျိုးစုံ ၃၉၁ ခု (ကာလတန်ဖိုးသိန်း ၄၂၅၀) ခန့်နှင့်



လုယက်မှုဖြစ်စဉ်၌ ပါဝင်ခဲ့သည့် သူများ (ဝဲမှယာ) သင်းမိုးကြူ၊ အောင်ဇင်ကို၊ စိုးကို၊ သန်းထွန်းတို့ကို တွေ့ရစဉ်။

ငွေကျပ်သိန်း ၁၀၃၀ တို့ကိုလုယက်ယူဆောင်သွားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လသာမြို့မရဲစခန်း (ပ)အမှတ် ၅၂/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ပြစ်မှု ကျူးလွန်သူများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး အတွက် ရဲတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ စုံစမ်းထောက်လှမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယင်းနေ့ညနေ ၄ နာရီ ၅ မိနစ်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ပြစ်မှုကျူးလွန်သူများ ပြစ်မှုကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်စဉ် ရန်ကုန်ဆေးရုံကြီးဝင်းလျှပ်စစ်ရုံဟောင်းအဆောက်အအုံဘေး၌ ကျန်ခဲ့သည့် ခရီးဆောင်အိတ်တစ်လုံးအတွင်းမှ ရွှေသားဆွဲသီးမျိုးစုံ ၅၃ ခု၊ ကျောက်ပါရွှေဆွဲသီး ၂၆ ခု၊ ရွှေသားလက်စွပ်လေးကွင်း၊ ကျောက်ပါရွှေလက်စွပ်လေးကွင်း၊ ကျောက်ပါရွှေနားကပ်နှစ်ရံ၊ အလေးချိန် ၁၁ ကျပ် ၇ ပဲ ၇ ရွေး (ကာလတန်ဖိုး ကျပ်သိန်း ၁၀၀၀ ခန့်) ထည့်ထားသည့် အနီရောင် ကတ္တီပါဘူးအကြီး နှစ်ခု၊ အရိုးအသွား ကိုးလက်မခန့်ရှိ ဓားဦးချွန် ဓားမြှောင်တစ်ချောင်း၊ အင်္ကျီလက်ရှည် သုံးထည်၊ ဘောင်းဘီအရှည် နှစ်ထည်၊ ဦးထုပ်နှစ်လုံးတို့ကို သိမ်းဆည်းရရှိခဲ့ပြီး ထို့အတူ ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီခွဲတွင် ပြစ်မှုကျူးလွန်သူများ အသုံးပြုခဲ့သည့် ဆိုင်ကယ်တစ်စီးနှင့် ရွှေထည်ပစ္စည်းများ ထည့်သည့်အနီရောင်ကတ္တီပါဘူးခွံ သုံးခုတို့ကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ ရဲတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံး ဖမ်းဆီးရရှိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်သည့် သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် ရွှေအုတ်ဂူလမ်းနှင့် နိဗ္ဗာန်လမ်းထောင့်ရှိ “အောင်ဘုရားသား”လက်ဖက်ရည်ဆိုင်ပိုင်ရှင် အောင်ဇင်ကို(၃၀)နှစ်နှင့် လက်ဖက်ရည်အဖျော်ဆရာ စိုးကို(၂၉)နှစ်တို့အား ဒီဇင်ဘာ ၉ ရက် နံနက် ၁၁ နာရီ မိနစ်၂၀ တွင် အဆိုပါ လက်ဖက်ရည်ဆိုင်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် အခင်းဖြစ်နေ့က “ရွှေဇင်” အာမခံရွှေဆိုင်သို့ ရွှေထည်ပစ္စည်းများ လာရောက် ပို့ဆောင်သည့် မော်တော်ယာဉ်ပေါ်မှ ရွှေထည်ပစ္စည်းများနှင့် ငွေများအား သေနတ်ဖြင့် ခြိမ်းခြောက်၍ လုယက် ယူဆောင်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ပြီးနောက် အောင်ဇင်ကိုမှ စိုးကိုအား ငွေကျပ် ၁၀ သိန်း ပေးခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့်သေနတ်၊ ရွှေထည်ပစ္စည်းအချို့နှင့် ငွေစက္ကူအချို့တို့ အား အောင်ဇင်ကိုမှ ၎င်း၏ ယောက္ခမဖြစ်သူ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၃၂) ရပ်ကွက် ရတနာ(၂)လမ်း အမှတ်(၂၇၆)နေ ဦးသန်းထွန်း (၅၇)နှစ်၏ နေအိမ်၌လည်းကောင်း၊ ငွေကျပ်သိန်း ၂၇၀ အား အောင်ဇင်ကို၏ ဇနီး မသင်းမိုးကြူ(၃၀)နှစ် ထံတွင်လည်းကောင်း အပ်နှံသိမ်းဆည်းထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် ပြန်လည်သိမ်းဆည်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက် ညနေပိုင်းတွင် ဦးသန်းထွန်းအား ၎င်း၏နေအိမ်အပေါ်ထပ်မျက်နှာကြက်အတွင်း သိမ်းဆည်းထားသည့် လက်လုပ်ပစ္စတိုသေနတ်တစ်လက်နှင့် ၎င်းကျည်ငါးတောင့် ထည့်ထားသောဘေးလွယ်အိတ်တစ်လုံး၊ လက်စွပ်မျိုးစုံအကွင်း ၁၈၀၊ နားကပ်မျိုးစုံ ၅၈ ရန်တို့ထည့်ထားသည့်ကျောပိုးအိတ်တစ်လုံး၊ ငွေကျပ်သိန်း ၁၅၀ ထည့်ထားသည့် ကြွပ်ကြွပ်အိတ်တစ်လုံးတို့ဖြင့် လည်းကောင်း၊ မသင်းမိုးကြူအား ၎င်း၏နေအိမ်မှ ငွေကျပ်သိန်း ၂၇၀ ဖြင့်လည်းကောင်းအသီးသီး ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှ လုယက်မှုကျူးလွန်ခဲ့ပြီး ဖမ်းဆီးရမိသည့် တရားခံ အောင်ဇင်ကို၊ စိုးကိုနှင့် လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့်ပစ္စည်းများအား လက်ခံထားရှိခဲ့သူများဖြစ်သည့် သန်းထွန်း၊ သင်းမိုးကြူတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် သိမ်းဆည်းရန်ကျန် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းရရှိနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ ဦးပိုင်အမှတ်(၇-ဈ)၊ ၇၉လမ်းနှင့် လမ်းစဝကြား၊ ၁၀လမ်းနှင့် ၁၁လမ်းကြားရှိ ဒေါ်စန်းမြင့် အမည်ပေါက်ဘိုးဘမြေကွက်အား ဒေါ်စန်းမြင့်(အပျိုဘဝ)ကွယ်လွန်၍ ကျန်ရစ်သူမောင်နှမများ ဖြစ်ကြသော ဦးဝင်းနိုင်(၁၃/လရန(နိုင်)၀၈၉၅၄၇)၊ ဒေါ်ဝင်းရီ(၁၃/လရန(နိုင်)၀၅၄၉၇၆)၊ ဦးဝင်းအောင်(၁၃/လရန(နိုင်)၁၀၁၄၀၅)တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ် (တတ-၅၈)၊ ဦးပိုင်အမှတ်(၆၁+၆၆)၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြဆောင်(၅/ဝသန(နိုင်)၀၀၅၆၂၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် (၆)၊ ဦးပိုင်အမှတ်(၄၃)၊ ၁၈လမ်းတောင်ဘက်မျက်နှာပြု၊ ၆၃လမ်းနှင့် ၆၄ လမ်းကြားရှိ ဦးသောင်းညွန့်အမည်ပေါက်ဂရန်မြေကွက်အား ဖခင်ဦးသောင်း ညွန့်၊ မိခင်ဒေါ်သိန်းအေးတို့ကွယ်လွန်ပြီး သားဦးရန်အောင်မင်းသည် ရဟန်းဘဝ ဖြင့် သာသနာ့ဘောင်သို့ အပြီးဝင်ရောက်သွားခဲ့ပါသဖြင့် ကျန်ရစ်သူသားသမီး များဖြစ်ကြသော ဦးရန်နိုင်လင်း(၉/မနမ(နိုင်)၀၆၃၅၅၂)၊ ဒေါ်ခင်သူဇာ(၉/ မနမ(နိုင်)၀၆၃၅၅၃)၊ ဦးစိုးနိုင်ဝင်း(၉/မနမ(နိုင်)၀၆၃၈၀၉)၊ ဦးကျော်သူရ(၉/ မနမ(နိုင်)၀၆၃၇၇၃)၊ ဒေါ်မွန်ကြည်(၉/မနမ(နိုင်)၁၀၃၃၀၉)၊ ဒေါ်မမြင့် ကြည်(၉/မနမ(နိုင်)၁၀၃၆၁၆)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေ ဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(တတ- ၂၈)၊ ဦးပိုင်အမှတ်(၇၁)၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၂၃လမ်းနှင့် ၁၂၄လမ်း ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သဲဖြူ(၁/မမန(နိုင်)၀၃၂၇၉၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ- ၅၀)၊ ဦးပိုင်အမှတ်(၈)၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၄၁လမ်းနှင့် ၁၄၂လမ်း ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ အရာခံဗိုလ်စိုးမြင့်(၈/မထန(နိုင်)၀၀၅၄၆၇) က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အခြေခံပညာအထက် တန်းကျောင်း(ခွဲ)ရေကြည် Grade-5 မှ မအိခွန်းချို၏ ဖခင် အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် အရ ဦးထွန်းထွန်းနိုင်ဖြစ်ပါသည်။

**ဦးထွန်းထွန်းနိုင်(၉/ပသက(နိုင်)၁၀၂၇၅၁)**

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက် အမှတ်(ပပ-၁၁)၊ ဦးပိုင်အမှတ် (၃၉+၄၂)၊ လမ်း၆၀နှင့် ၆၁လမ်း ကြား၊ သခင်ဖိုးလှကြီးနှင့် ယော မင်းကြီးလမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးကြင် စိန်(၁၄/ပသန(နိုင်)၁၄၀၇၁၃)၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၆၄၆၄/၂၀၂၃)ဖြင့် လွှဲ အပ်ခြင်းခံရသူ ဦးမျိုးကိုကို(၉/ မတရ(နိုင်)၁၆၁၂၈၄)က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင် လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက် ရပ်ကွက်၊ အကွက်အမှတ်(၉၀၀)၊ ဦးပိုင်အမှတ်(၃)၊ ရန်-မန်း လမ်း၊ ၇၈လမ်းနှင့် ၄၂လမ်းထောင့်ရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဦးကျော်ဝင်း(၁၂/လသန(နိုင်)၀၀၆၈၄၃)က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက် ရပ်ကွက်၊ အကွက်အမှတ်(၉၀၀)၊ ဦးပိုင်အမှတ်(၆)၊ ရန်-မန်း လမ်း၊ ၇၈လမ်းနှင့် ၄၂လမ်းထောင့်ရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဒေါ်သန်းစိန်(၁၂/လသန(နိုင်)၀၀၆၈၂၉)က ဂရန် စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၁၀)၊ ဦးပိုင်အမှတ်(၁-ခ/၂(င))၊ ၇၅လမ်းနှင့် ကိုလံဘိုမြောင်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်(၁၂/ဥကတ(နိုင်)၀၂၃၀၃၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၄)၊ ဦးပိုင်အမှတ်(၁၂-က/၃၂)၊ ရတနာပုံ တက္ကသိုလ်လမ်းမြောက်ဘက်၊ ရန်-မန်းကားလမ်းနှင့် ရန်-မန်း အမြန်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော် ဝင်း(ခ)ရန်ကွေ့ယံ့(၁၃/တယန(နိုင်)၀၀၀၃၀၅)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၄)၊ ဦးပိုင်အမှတ်(၁၂-က/၃၁)၊ ရတနာပုံ တက္ကသိုလ်လမ်းမြောက်ဘက်၊ ရန်-မန်းကားလမ်းနှင့် ရန်-မန်း အမြန်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော် ဝင်း(ခ)ရန်ကွေ့ယံ့(၁၃/တယန(နိုင်)၀၀၀၃၀၅)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၁၀)၊ ဦးပိုင်အမှတ်(၁-ခ/၂(ဃ))၊ ၇၅လမ်းနှင့် ကိုလံဘိုမြောင်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်(၁၂/ဥကတ(နိုင်)၀၂၃၀၃၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက် အမှတ်(ပပ-၂၂)၊ ဦးပိုင်အမှတ် (၈၈)၊ ၆၆လမ်းနှင့် ၆၇လမ်း ကြား၊ ၁၃၅လမ်းနှင့် ၁၃၆လမ်း ကြားရှိမြေကွက်အား တောဂရန် အမှတ်အမှတ်(၄၁၂/၉၂-၉၃) အရ ဦးခင်ရေ နိုင်ငံသားစိစစ်ရေး ကတ်အမှတ်(ကေပီဂျီ-၁၀၇ ၉၄၁)အမည်ပေါက်သို့ မြေရာဇ ဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်သင်းသင်းဌေး နိုင်ငံသား စိစစ်ရေးကတ်အမှတ်(၉/ ကပတ(နိုင်)၀၀၆၅၆၃)မှ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန သို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရား ရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၄)၊ ဦးပိုင်အမှတ်(၁၃-ဃ)၊ ရတနာပုံ တက္ကသိုလ်လမ်းမြောက်ဘက်၊ ရန်-မန်းကားလမ်းနှင့် ရန်-မန်း အမြန်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော နယူးစတား လိုက်ဆောက်လုပ်ရေးကုမ္ပဏီကိုယ်စား ဦးကျော်ကျော်ဝင်း(ခ) ရန်ကွေ့ယံ့(၁၃/တယန(နိုင်)၀၀၀၃၀၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေ ရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၄)၊ ဦးပိုင်အမှတ်(၁၃-စ)၊ ရတနာပုံ တက္ကသိုလ်လမ်းမြောက်ဘက်၊ ရန်-မန်းကားလမ်းနှင့် ရန်-မန်း အမြန်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော နယူးစတား လိုက်ဆောက်လုပ်ရေးကုမ္ပဏီကိုယ်စား ဦးကျော်ကျော်ဝင်း(ခ) ရန်ကွေ့ယံ့(၁၃/တယန(နိုင်)၀၀၀၃၀၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေ ရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၁၀)၊ ဦးပိုင်အမှတ်(၁-ခ/၂(န))၊ ၇၅လမ်းနှင့် ကိုလံဘိုမြောင်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်(၁၂/ဥကတ(နိုင်)၀၂၃၀၃၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၄)၊ ဦးပိုင်အမှတ်(၁၃-င)ခဲစင်း၊ ရတနာပုံ တက္ကသိုလ်လမ်းမြောက်ဘက်၊ ရန်-မန်းကားလမ်းနှင့် ရန်-မန်း အမြန်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော နယူးစတား လိုက်ဆောက်လုပ်ရေးကုမ္ပဏီကိုယ်စား ဦးကျော်ကျော်ဝင်း(ခ) ရန်ကွေ့ယံ့(၁၃/တယန(နိုင်)၀၀၀၃၀၅)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၁၀)၊ ဦးပိုင်အမှတ်(၁-ခ/၂(ဆ))၊ ၇၅လမ်းနှင့် ကိုလံဘိုမြောင်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်(၁၂/ဥကတ(နိုင်)၀၂၃၀၃၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(ယ-၁၀)၊ ဦးပိုင်အမှတ်(၁-ခ/၂(ဃ))၊ ၇၅လမ်းနှင့် ကိုလံဘိုမြောင်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်(၁၂/ဥကတ(နိုင်)၀၂၃၀၃၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်...

❖ မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေးမြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တာ့ခ်မင်နစ္စတန်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်မြို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုနှစ်အထိမ်းအမှတ် နိုင်ငံတကာ ဖိုရမ်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒနှစ် (၃၀)ပြည့် အထိမ်းအမှတ် အခမ်းအနားများသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းစဉ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



## (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်ဆုကို မြန်မာခြင်းလုံးအသင်းရယူ




ရန်ကုန် ဒီဇင်ဘာ ၁၀

(၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ခြင်းလုံး ဒုတိယနေ့ကို ဒီဇင်ဘာ ၁၀ ရက်က ဆက်လက်ကျင်းပရာ မြန်မာအမျိုးသား၊ အမျိုးသမီးခြင်းလုံးအသင်း ရွှေတံဆိပ်ဆုနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာခြင်းလုံးအသင်းသည် ယခုပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်း၌ ထည့်သွင်းကျင်းပသည့် ပြိုင်ပွဲအမျိုးအစား နှစ်ခုစလုံး ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ပြီး (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံးရရှိသည့် ရွှေတံဆိပ်ဆုလည်း ဖြစ်ခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းက ၅၀၂ မှတ်ဖြင့် ရွှေတံဆိပ်၊ ထိုင်းအသင်းက ၄၄၆ မှတ်ဖြင့်

စာမျက်နှာ ၁၃ သို့ ✻

မြန်မာအမျိုးသမီး ခြင်းလုံးအသင်း ရွှေတံဆိပ်ဆုဆွတ်ခူးပြီးနောက် အောင်ပွဲခံစဉ်။

## ၂၀၂၅ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

**ချောင်ဘူရီ ဒီဇင်ဘာ ၁၀**

၂၀၂၅ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု(ခ) တွင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ အုပ်စုဒုတိယပွဲတွင် မလေးရှားအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိထားသည်။

မြန်မာအသင်းသည် ၂၀၂၅ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)နောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၁ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ယခု ဗီယက်နမ်အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ရရှိရုံဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

(NGB)



## အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (B) ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၀

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (B) ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မြန်မာအမျိုးသမီး ဘောလုံးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်